**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၉၄)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ခွင့်ပြုငွေများကို သတ်မှတ်ထားသည့်အချိန်အတွင်း၌ ထိထိရောက်ရောက်အကျိုးရှိရှိသုံးစွဲပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ရုပ်လုံးပေါ်လာရန်လို



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ကျင်းပပြုလုပ်ရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ **စာမျက်နှာ ၃ ကော်လံ ၁** ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်)

# နိုင်ငံ၏ဖွံ့ဖြိုးမှုလမ်းကြောင်းကိုပြသနေသည့် သံလိုက်အိမ်မြှောင်

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုကို ပြည်ပအကူအညီမပါဘဲ ပြည်တွင်းအားဖြင့် အောင်မြင်အောင်ဆောင်ရွက်ခဲ့ခြင်းမှာ နိုင်ငံအတွက်ဂုဏ်ယူရမည့် အမျိုးသားရေးလုပ်ငန်းစဉ်အောင်မြင်မှုတစ်ရပ်ဖြစ်သည်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ကကျင်းပသည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်သည့်စုပေါင်းအားဖြင့် ဆောင်ရွက်ခဲ့သည့်အောင်မြင်မှုအဖြစ် ကမ္ဘာ့အလယ်တွင် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခြင်းလည်းဖြစ်သည်။ ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်မှုသည် နိုင်ငံတော်အတွက်အဖိုးတန်သည့် စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များဖြစ်သောကြောင့် ပိုမိုလေးနက်ပြီးအဓိပ္ပာယ်ရှိသည့်နေ့တစ်နေ့ဖြစ်သည်။

ယင်းအစီရင်ခံစာသည် နိုင်ငံ၏လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏နေထိုင်မှုပုံစံ စသည့်အခြေအနေများနှင့် မြန်မာနိုင်ငံ၏အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကြေးကုန်ကျမှုလည်းများလွန်းသည့်လုပ်ငန်းတစ်ခုဖြစ်သည်။ သို့သော်လည်း နိုင်ငံတော်၏လက်ရှိအခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များရရှိရန်အရေးကြီးပြီး ကုလသမဂ္ဂ၏ အကြံပြုချက်အရ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ သန်းခေါင်စာရင်းကို (၁၀)နှစ်တစ်ကြိမ် ကောက်ယူရန်လိုအပ်သောကြောင့် အခက်အခဲများ၊ စိန်ခေါ်မှုများကြားထဲကပင် သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအစီရင်ခံစာပါ ကိန်းဂဏန်းအချက်အလက်များသည် ယနေ့မည်သို့အခြေအနေရှိသည်ဆိုသည်ကို ထင်ဟပ်ပြသနေပြီး မနက်ဖြန်တွင်မည်သည့်အခြေအနေဖြစ်လာနိုင်မည်ဆိုသည်ကိုညွှန်ပြနေသည့် နိုင်ငံတော်၏ကြေးမုံပြင်တစ်ချပ်ဖြစ်သည်။ သန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံ၏အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်သည်။ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများအနေဖြင့် ပိုမိုကောင်းမွန်သည့် ပညာရေးမျှော်မှန်းချက်များ ဖော်ဆောင်ရန်၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများမြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းများချဲ့ထွင်ရန် စသည့်လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် သန်းခေါင်စာရင်းအချက်အလက်များသည် ယုံကြည်အားထားရသည့် နိုင်ငံ၏အသက်သွေးကြောပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်ပြည့်စုံမှုသည် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်မှုအရည်အသွေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို သွယ်ဝိုက်ညွှန်းဆိုဖော်ပြနေသည်။ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက်အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအသုံးပြုရန်လိုအပ်သည့်အချက်အလက်များကို သန်းခေါင်စာရင်းကနေရရှိနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ် **"၂၀၂၄ သန်းခေါင်စာရင်းအစီရင်ခံစာသည် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒချမှတ်နိုင်ရန် လမ်းပြမြေပုံတစ်ခုအဖြစ် အကျိုးရှိရှိအသုံးပြုရန်အရေးကြီးကြောင်း၊ ယင်းကိန်းဂဏန်းအချက်အလက်များကို ဆန်းစစ်လေ့လာသုံးသပ်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် လူငယ်လူရွယ်များ အရည်အသွေးမြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များဖန်တီးပေးကြရန်၊ ပညာရေးကို လုပ်သားဈေးကွက်လိုအပ်ချက်များနှင့်ချိန်ညှိပေးပြီး ခိုင်မာသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ထူထောင်ပေးကြရန်၊ နည်းပညာနှင့်မောင်းနှင်သည့် အနာဂတ်ဖြစ်စေရန် မိမိတို့၏လုပ်သားအင်အားကို ပြင်ဆင်နိုင်အောင်ကြိုးစားကြရန်၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ တည်ထောင်ပေးကြရန်၊ နိုင်ငံတွင်း၌ ရေရှည်တည်တံ့ပြီးအရည်အသွေးရှိသည့် အလုပ်အကိုင်များဖန်တီးပေးခြင်းဖြင့် ရွှေ့ပြောင်းခြင်းကို အကျိုးရှိအောင်စီမံခန့်ခွဲပေးကြရန်၊ မိမိတို့နိုင်ငံ၏လူဦးရေဖွဲ့စည်းမှုနှင့်အညီ မြေ၊ ရေနှင့် သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိမျှတစွာအသုံးပြုနိုင်အောင် စီမံပေးကြရန်၊ ယနေ့ကျောင်းစာသင်ခန်းတွင်ရှိနေသည့် ကလေးတိုင်းသည် မြန်မာနိုင်ငံ၏အနာဂတ်ကို ပခုံးပြောင်းပုံဖော်မည့် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ်မှတ်ယူပြီး ပညာရေးကိုမြှင့်တင်ပေးကြရန် မှာကြားလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

အနှစ်ချုပ်ဆိုရသော် ၂၀၂၄ သန်းခေါင်စာရင်းအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ပြသနေသည့် သံလိုက်အိမ်မြှောင်သဖွယ်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

---

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**ရက် ၆၀**

**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

---

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

---

## ပဲခူးမြို့ ဆုတောင်းပြည့်စွယ်တော်ရှင်မဟာစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲကျင်းပမည်

ပဲခူး အောက်တိုဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆုတောင်းပြည့် စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ (၃၄) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲအား တန်ဆောင်မုန်းလဆန်း ၁၄ ရက်(နိုဝင်ဘာလ ၃ ရက်) ညပိုင်းအချိန်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

မသိုးသင်္ကန်းရက်လုပ်ရာတွင် မသိုးသင်္ကန်းများအား စင်တော်ခုနစ်စင်ဖြင့် ရက်ကန်းအဖွဲ့များမှ ယှဉ်ပြိုင်ရက်လုပ်မည်ဖြစ်ပြီး ဒိုင်အဖွဲ့များကသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှတ်ပေးအကဲဖြတ်ကာ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုလေးဆုတို့ကို ထိုက်ထိုက်တန်တန်ပေးအပ်သွားမည်ဖြစ်သည်။

ရက်ကန်းစင်များမှရက်လုပ်ခဲ့သည့် မသိုးသင်္ကန်းများအား နိုဝင်ဘာလ ၄ ရက် နံနက်အရုဏ်မတက်မီ အချိန်တွင် တာဝန်ရှိသူများ၊ ရက်ကန်းအဖွဲ့သားများနှင့် အလှူရှင်များက ဆုတောင်းပြည့်မဟာစေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ပြီး စေတီတော်မြတ်ကြီး၏ မုခ်အသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များ၌ ဆက်ကပ်လှူဒါန်း(ခြုံလွှမ်း)ပူဇော်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

အောင်ဖြူလင်း(၄၁၀)

---

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၉-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

---

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

★ **ရှေ့ဖုံးမှအဆက်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့က တစ်ဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြအတည်ပြုပြဋ္ဌာန်းသွားရမည်ဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံစသည့်အဆောက်အဦများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့်ကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များနှင့် နိုင်ငံဖွံ့ဖြိုးမှုနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည့်အခြေခံအဆောက်အအုံလုပ်ငန်းများအတွက် အဓိကထား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြင်ဆင်နိုင်ရေးဆောင်ရွက်သည့်နေရာတွင် ဖြည့်စွက်ခွင့်ပြုငွေရရှိမည့်ကာလနှင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းပမာဏကို ချင့်ချိန်ဆောင်ရွက်ရန်လိုကြောင်း။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် နိုင်ငံတော်ပိုင်အခြေခံအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန်၊ အသစ်ဆောက်လုပ်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်ရန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လျာထားခွင့်ပြုထားသည့် အသုံးစရိတ်များအနက်မှ “အထွေထွေပိုလျှံရန်ပုံငွေ”(GRF) သို့ပြန်လည်အပ်နှံငွေကျပ် ၂၀၆၉ ဒသမ ၃၃၆ ဘီလီယံကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေထဲကို လွှဲပြောင်းထည့်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း၊ မိမိတို့အစိုးရကချမှတ်ထားသည့် ဦးတည်ချက်များကို ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအစီအစဉ်များချမှတ်ပြီး အသုံးစရိတ်များကို စနစ်တကျစိစစ်သုံးစွဲကြရန် လိုအပ်ကြောင်း။

**“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့”** ဆိုသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဆောင်ပုဒ်အတိုင်း လက်တွေ့ကျသည့် ကုန်ထုတ်လုပ်မှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ကျေးလက်စီးပွားနှင့် နိုင်ငံ့စီးပွားမြှင့်တင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မိမိတို့နိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏အသက်သွေးကြောလည်းဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် ရန်ပုံငွေများကို ခွဲဝေချထားပေးပြီး နည်းလမ်းမျိုးစုံဖြင့် အားပေးလုပ်ဆောင်လျက်ရှိကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မလွှဲမရှောင်သာသည့် အခြေအနေများကြောင့် မူလရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဖြစ်ပေါ်လာသည့် ပိုလျှံငွေများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်မှ နောက်ကျပြီးအပ်နှံခြင်းမပြုဘဲ တတ်နိုင်သမျှ ဆောလျင်စွာပြန်လည်အပ်နှံကြရန် မှာကြားလိုကြောင်း၊ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့ဆောင်ရွက်ရန် လိုအပ်သည့်ဌာနများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အကျိုးရှိအောင်ပြန်လည်လွှဲပြောင်းသုံးစွဲခွင့်ပြုနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် ပြည်ထောင်စုမှတိုင်းဒေသကြီး၊ ပြည်နယ်များကို ထပ်မံထောက်ပံ့ပေးရမည့် ထောက်ပံ့ငွေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့အပေါ်တွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က ဆွေးနွေးအတည်ပြုပေးရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို အဆင့်ဆင့်စိစစ်တင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အထွေထွေပိုလျှံရန်ပုံငွေမှ သုံးစွဲမည့်ကိစ္စရပ်များ၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ မူလခန့်မှန်းခြေငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေမူကြမ်းနှင့် ၂၀၂၅-၂၀၂၆ ပြည်ထောင်စု၏နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပြည်သူလူထုတို့မှ အဆိုပြုတောင်းခံထားသည့် လုပ်ငန်းရပ်များကဏ္ဍတို့တွင် အသုံးပြုနိုင်ရေးအတွက် ဖြည့်စွက်ခွင့်ပြုငွေများကို အသီးသီးတင်ပြကြသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးကော်မရှင်ကိစ္စရပ်များ ဖြစ်သည့် အသေးစိတ်ငွေလုံးငွေရင်းစာရင်းများ၊ သာမန်ငွေစာရင်းများအား အဆင့်ဆင့်စိစစ်ခဲ့မှု၊ နောက်ထပ်ဘဏ္ဍာငွေသုံးစွဲရေးဥပဒေပြဋ္ဌာန်းနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်အမှာစကားပြောကြားရာတွင် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဘတ်ဂျက်ရငွေများကို အမှန်တကယ်ရရှိအောင်နှင့် သုံးငွေများကို အမှန်တကယ်အကျိုးရှိသည့် နေရာများတွင်သာအသုံးပြုရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဖြည့်စွက်ခွင့်ပြုငွေများ တင်ပြတောင်းခံရာတွင် အချိန်တိုကာလအတွင်း အမြန်ဆုံးအကျိုးဖြစ်စေမည့် လုပ်ငန်းများကို တင်ပြတောင်းခံသွားရန်လိုကြောင်း၊ ပိုလျှံရန်ပုံငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသော လုပ်ငန်းများနှင့် ပြည်သူလူထုတို့မှ **စာမျက်နှာ ၄ သို့** ★

**❖ ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရန်လို . . .**

**❖ ဖြည့်စွက်ခွင့်ပြုငွေများတင်ပြတောင်းခံရာတွင် အချိန်တိုကာလအတွင်း အမြန်ဆုံး အကျိုးဖြစ်စေမည့်လုပ်ငန်းများကို တင်ပြတောင်းခံသွားရန်လို၊ ပိုလျှံရန်ပုံငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရမည်ဖြစ်၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ပြည်သူလူထုကိုတိုက်ရိုက်အကျိုးပြုသောလုပ်ငန်းများနှင့် ပြည်သူလူထုတို့မှတောင်းဆိုသည့်နေရာများတွင် အမြန်ဆုံးလုပ်ငန်းဖော်ဆောင်သွားကြရန်လို . . .**

**❖ မိမိတို့၏အချိန်နှင့်ငွေကြေးများကို အကျိုးရှိစွာအသုံးချနိုင်မှုမရှိခြင်းသည် နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ် . . .**

**❖ နိုင်ငံတော်အတွက် ကောင်းမွန်သည့်လုပ်ငန်းရပ်များကို ဖော်ဆောင်သွားကြရမည်ဖြစ်ပြီး အချိန်၊ ငွေကြေးနှင့်လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားကြရန်လို . . .**

**❖ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံစသည့်အဆောက်အဦများ၊ လမ်းများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့်အသုံးစရိတ်များနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များကို အဓိကထားခွင့်ပြုပေးခဲ့ပြီးဖြစ် . . .**

**❖ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ယခုခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လျာထားခွင့်ပြုပေးခဲ့သည့်အသုံးစရိတ်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးစေရန် အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက် . . .**

★ **စာမျက်နှာ ၃ မှအဆက်**

တောင်းဆိုသည့်နေရာများတွင် အမြန်ဆုံး လုပ်ငန်းဖော်ဆောင်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများကို အကျိုးရှိရှိဖြင့် စနစ်တကျသုံးစွဲသွားရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဝန်ကြီးဌာနများအနေဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြစေလိုကြောင်း။

ပြည်သူလူထုအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အတွက်အကျိုးရှိမည့်လုပ်ငန်းရပ်များကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ လာမည့်ဘတ်ဂျက်နှစ်တွင်လည်း အမှန်တကယ်ဆောင်ရွက်နိုင်မည့်လုပ်ငန်းရပ်များအတွက် ဘဏ္ဍာငွေများကို တင်ပြတောင်းခံသွားရန်လိုပြီး သတ်မှတ်ကာလအတွင်း ခွင့်ပြုငွေများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချသွားနိုင်ရန်လိုကြောင်း၊ ခွင့်ပြုငွေများကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံတော်အတွက်လည်း အကျိုးရှိစေမည်ဖြစ်ကြောင်း၊ **မိမိတို့၏ အချိန်နှင့်ငွေကြေးများကို အကျိုးရှိစွာအသုံးချနိုင်မှုမရှိခြင်းသည် နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအကျပ်အတည်း၊ အခက်အခဲများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတွေ့ခဲ့ရမှုများကိုကြံ့ကြံ့ခံ၍ ယနေ့အချိန်အထိ နိုင်ငံတော်ကို ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာရေးကော်မရှင်ကခွင့်ပြုပေးမည့်ဘဏ္ဍာငွေသည် ငွေရေးကြေးရေးတန်ဖိုးအရ တန်ဖိုးရှိသည်သာမက အချိန်သည်လည်း တန်ဖိုးရှိကြောင်း၊ ထို့ကြောင့် ဆက်လက်၍လည်း **နိုင်ငံတော်အတွက် ကောင်းမွန်သည့် လုပ်ငန်းရပ်များကို ဖော်ဆောင်သွားကြရမည်ဖြစ်ပြီး အချိန်၊ ငွေကြေးနှင့် လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ ခွင့်ပြုငွေများကို သတ်မှတ်ထားသည့်အချိန်အတွင်း၌ ထိထိရောက်ရောက်အကျိုးရှိရှိသုံးစွဲပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ရုပ်လုံးပေါ်လာရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက် (၄)ရပ်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်ကအားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကနေ ပြည်သူတို့၏ လူမှုစီးပွားဘဝကိုမြှင့်တင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME များ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် အမျိုးသားပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် အလေးထားမြှင့်တင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံစသည့်အဆောက်အဦများ၊ လမ်းများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့် အသုံးစရိတ်များနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များကို အဓိကထားခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းပါ လုပ်ငန်းအချို့ကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် အဆိုပါလုပ်ငန်းများ၏ အသုံးစရိတ်များကို "အထွေထွေပိုလျှံရန်ပုံငွေ" (GRF)သို့ အမြန်အပ်နှံကြရန်လိုကြောင်း၊ သို့မှသာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့ ဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို ပြန်လည်လွှဲပြောင်းသုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာချောင်လည်မှုရှိစေရန် လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးအပြင် ထပ်မံပြီး ကျပ် ၃၀,၀၀၀ ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှစ၍ ခံစားခွင့်ပြုခဲ့ကြောင်း၊ ထိုကဲ့သို့ တိုးမြှင့်ခံစားခွင့်ပြုလိုက်သည့်အတွက်လိုအပ်လာသည့်အပိုထောက်ပံ့ကြေးများကို ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းမပြုစေဘဲ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခြင်းဖြစ်စေ၊ "အထွေထွေပိုလျှံ ရန်ပုံငွေ" (GRF) သို့ အပ်နှံပြီး ပြန်လည်လွှဲပြောင်းသုံးစွဲခြင်းဖြစ်စေ ဆောင်ရွက်ပြီး အသားတင်ထပ်မံလိုငွေများကို ပြည်ထောင်စု၏ "အထွေထွေပိုလျှံရန်ပုံငွေ" (GRF) မှ လွှဲပြောင်းသုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း၌ ပြီးစီးအောင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ပိုလျှံငွေအများအပြား ပြန်လည်အပ်နှံရမှု မဖြစ်စေရေးကို အထူးဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယခုခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လျာထားခွင့်ပြုပေးခဲ့သည့်အသုံးစရိတ်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့်သုံးစွဲမှုများကိုလည်း စနစ်တကျစာရင်းစစ်ဆေးမှုခံယူနိုင်ကြရန်ကိုလည်း သတိပေးမှာကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်များ၊ ဆောင်ပုဒ်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်းအသုံးစရိတ်များကို စနစ်တကျခွဲခြားသုံးသပ်ပြီး အကျိုးရှိရှိ ထိထိရောက်ရောက်သုံးစွဲကြရန်နှင့် လုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ဟသ်ာတခရိုင်အတွင်း ပွင့်လင်းရာသီအမီ လမ်းများကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ၄၈ ရာခိုင်နှုန်းခန့်ပြီးစီးနေ



ဟသ်ာတ အောက်တိုဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်လမ်းဦးစီးဌာနမှကြီးမှူး၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဟသ်ာတခရိုင်အတွင်း ပွင့်လင်းရာသီအမီ လမ်းများကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ၄၈ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။


ဟသ်ာတခရိုင်၌ ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်တို့ ပါဝင်ပြီး ဟသ်ာတခရိုင် လမ်းဦးစီးဌာနအနေဖြင့် စုစုပေါင်းလမ်း ၁၆ လမ်း၊ လမ်းအရှည် ၁၃၅ မိုင် ၄ ဒသမ ၆၇၂ ဖာလုံကို တာဝန်ယူကာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရကြောင်း သိရသည်။

"ဟသ်ာတခရိုင် လမ်းဦးစီးဌာနအနေနဲ့ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်မှာ ၁၂ ပေကနေ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၇ ဖာလုံနဲ့ ပေ ၅၆၀၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၄ ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှိကတ္တရာရေပိတ်လွှာလောင်းခြင်း ၄ မိုင်နဲ့ ၇ ဖာလုံ၊ ကတ္တရာလမ်းပေါက်ဖာထေးခြင်း၊ ကျောက်လမ်းပေါက်ဖာထေးခြင်းနဲ့ ၁၀ ပေ RC Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ဟသ်ာတခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်စွာငွေးကပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၏အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှုဖြင့် သက်ဆိုင်ရာအင်ဂျင်နီယာများက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဟသ်ာတခရိုင် လမ်းဦးစီးဌာနအနေဖြင့် ဟသ်ာတခရိုင်အတွင်း လမ်းများကောင်းမွန်ကာ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°c | / | ၃၄°c |
| ရန်ကုန် | ၂၄°c | / | ၃၄°c |
| မန္တလေး | ၂၄°c | / | ၃၅°c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# မြန်မာ - လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-လာအို ချစ်ကြည်ရေးအသင်းကဆောင်ရွက်နေသည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံမီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်နိုင်ရေး၊ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ မျှဝေဖလှယ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်းသိရသည်။

မြဝတီ



# ဟန္နွိုင်းမြို့အခြေစိုက် ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr.Uladzimir Baravikou နှင့်အဖွဲ့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေလက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ဟန္နွိုင်းမြို့ အခြေစိုက် ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr.Uladzimir Baravikou နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နှစ်နိုင်ငံဗဟိုဘဏ်များအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ငွေကြေးအမျိုးမျိုးဖြင့် ငွေလွှဲပြောင်းမှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



Pacific Fleet ရှိ Officer Club တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် Pacific Fleet ၏ Commander ဖြစ်သူ ဗိုလ်ချုပ်ကြီး Viktor N.Liina တို့ နှစ်နိုင်ငံရေတပ်ချင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာ့တပ်မတော်(ရေ)နှင့် ရုရှားရေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် ရုရှားရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Aleksandr A.Moiseev ၏ ဖိတ်ကြားချက်အရ အောက်တိုဘာလ ၁၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၂၇ ရက်၊ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည် ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် ရုရှားစစ်သံမှူး Colonel KURCHENKO Sergey Semenovich နှင့်တာဝန်ရှိသူများ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့သည်အောက်တိုဘာလ ၂၁ ရက်တွင် ဗလာဒီဗော့စတော့မြို့ရှိ ရုရှားရေတပ်၊ Pacific Fleet ၏ အမှတ်(၁၉)ရေငုပ်သင်္ဘောတပ်မသို့သွားရောက်ခဲ့ရာ Primorskaya Flotilla ၏ စစ်ရေယာဉ်စုမှူးဖြစ်သူ ဗိုလ်ချုပ် A.U.Sysoev နှင့် အရာရှိကြီးများ က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုကြသည်။ ၎င်းနောက် ရုရှားစစ်ရေယာဉ် Hero Of The Russian Federation Aldar Tsydenzhapov နှင့် ရေငုပ်သင်္ဘော Komsomolsk on Amur သို့သွားရောက်လေ့လာ၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး Pacific Fleet Museum သို့ သွားရောက် လေ့လာကြသည်။ ၎င်းနောက်ရုရှားရေတပ်၊ Pacific Fleet ကွပ်ကဲမှုဌာနချုပ်သို့ သွားရောက်ရာ Pacific Fleet Commander ဖြစ်သူ ဗိုလ်ချုပ်ကြီး Viktor N.Liina နှင့် အရာရှိကြီးများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုကြပြီး အစည်းအဝေးခန်းမတွင် နှစ်နိုင်ငံ ရေတပ်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။ ၎င်းနောက် Russia My History ပြတိုက်သို့ သွားရောက် လေ့လာကြည့်ရှုကြသည်။

အောက်တိုဘာလ ၂၃ ရက်တွင်ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ JSC Admiralty Shipyard သို့ သွားရောက် လေ့လာရာ သင်္ဘောကျင်းတာဝန်ရှိသူများ က ရေယာဉ်တည်ဆောက်ရေးနှင့်ပြုပြင်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး သင်္ဘောကျင်းပြတိုက်သို့ ကြည့်ရှုလေ့လာကြသည်။ ၎င်းနောက် JSC Midle Nevsky Shipbuilding Plant သို့ သွားရောက်ပြီး သံပြားအစားထိုးစွမ်းအားမြင့်ပလတ်စတစ်ဖိုက်ဘာနည်းပညာ (Glass Reinforced Plastics-GRP)ဖြင့် ရေယာဉ်တစ်စင်းလုံးအား တည်ဆောက်နေမှုများကို လေ့လာဆွေးနွေးကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၂၄ ရက်တွင် စိန့်ပီတာစဘတ်မြို့ရှိ ရုရှားရေတပ်ရုံးချုပ်သို့ သွားရောက်ခဲ့ရာ ရုရှားရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Aleksandr A.Moiseev နှင့် အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် ရုရှားရေတပ်ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံရေတပ်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ရုရှားရေတပ်ဦးစီးချုပ်ရုံးခန်း၊ အစည်းအဝေးခန်း၊ စာကြည့်တိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် ရုရှားရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း စိန့်ပီတာစဘတ်မြို့ရှိ Hermitage ပြတိုက်သို့သွားရောက်လေ့လာခြင်း၊ အဆင့်မြင့်နည်းပညာဖြင့် တီထွင်ထုတ်လုပ်မှုများပြုလုပ်နေသော Special Technology Centre(STC)သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အောက်တိုဘာလ ၂၅ ရက်တွင် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Evgeny Grigoryev နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၂၀)ကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပပြုလုပ်


ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် အောက်တိုဘာ ၂၈

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၂၀) ကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သံဃာတော်များအား နေ့ဆွမ်းများဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၂၀) ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မအလှူငွေ စုစုပေါင်းငွေကျပ်သိန်းနှစ်ရာ့နှစ်ဆယ်ကျော်တန်ဖိုးရှိပဒေသာပင် ၁၆ ခုကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး အသီးသီးသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# သီပေါမြို့နယ်အတွင်း၌ အခြေခံပညာကျောင်းနှစ်ကျောင်း ထပ်မံဖွင့်လှစ်၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ပြုလုပ်ပေး


သီပေါမြို့ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။


တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိဌာနဆိုင်ရာရုံးများနှင့်အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့်နေရာများအား မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။


သီပေါမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏အုပ်ချုပ်မှု ယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့်ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်းခွဲ (ဘော်ကြို)နှင့် အခြေခံပညာမူလတန်းကျောင်း(တိန်းချေတိန်းစံ)တို့ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရသည်။

သီပေါမြို့၌ အောက်တိုဘာလ ၂၂ ရက်မှ ၂၅ ရက်အထိ အခြေခံပညာကျောင်း ၄ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် အခြေခံပညာကျောင်း ၂ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်းအခြေခံပညာကျောင်း ၆ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၃၄၅ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၇၄၇ ဦးအထိရှိပြီဖြစ်ပြီး ကျောင်းအပ်နှံသည့်ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှအခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။

၎င်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သီပေါမြို့၊ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၄၆ ဦးနှင့်ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၃ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့်နေရာများအား မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာလူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြင့်မားလာစေရန် Mobile Library Bus ဖြင့် စာအုပ်များငှားရမ်းပေး

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာရုံးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများတိုးပွားပြီး စာဖတ်ရှိန်မြင့်မားလာစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက Mobile Library Bus ဖြင့် စာအုပ်များသွားရောက်ငှားရမ်းပေးလျက်ရှိရာ အောက်တိုဘာလ ၂၇ ရက်က အင်းစိန်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့နယ်သစ်တောဦးစီးဌာနရုံးတို့၌ သုတ၊ ရသ စာအုပ်စာစောင်မျိုးစုံ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ Mobile Library Bus တွင် စာအုပ်ငှားရမ်းဖတ်ရှုသူများအဆင်ပြေစေရေး စာဖတ်သူအကြိုက် စာအုပ်စာစောင်များယူဆောင်လာပြီး စာဖတ်သူများကို နှစ်ပတ်တစ်ကြိမ် လဲလှယ်ငှားရမ်းပေးလျက်ရှိသည်။

ထိုသို့ငှားရမ်းပေးရာတွင် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြစာအုပ်များပါရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ပေးလျက်ရှိရာ ယခင်ငှားရမ်းပေးခဲ့သောစာအုပ်များကိုလက်ခံရယူပြီး ဆက်လက်ငှားရမ်းပေးကြောင်း၊ ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် ထပ်မံလဲလှယ်ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

# ရှမ်းပြည်နယ် (တောင်ပိုင်း)မိုင်းပန်ဒေသရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၈**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့ နံနက်ပိုင်းတွင် မိုင်းပန်မြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization–DMO)များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ် ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာ များစွာ ပိုင်ဆိုင်ထားရှိကြောင်း၊ မိုင်းပန်မြို့သည် တောင်ပေါ်ဒေသဖြစ်သောကြောင့် တောင်တန်းဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးအခြေပြု ခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကိုအလေးထားပြီး မိုင်းပန်မြို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေး အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင် ရွက်ပေးကြစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာဆောင်ရွက်ချက်များ၊ ခရီးသွား လုပ်ငန်းတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြ ကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မိုင်းပန်မြို့နယ် ကျေးရွာ များရှိ စာသင်ကျောင်းများအတွက် MRTV DVB – T2 Set Top Box များနှင့် သုတရသ ဆိုင်ရာစာအုပ်များကို ဆရာ၊ ဆရာမများ ထံသို့လည်းကောင်း၊ မိုင်းပန်မြို့အနီးရှိ ကျေးရွာအုပ်စုများအတွက် MRTV DVB – T2 Set Top Box များကို ကျေးရွာအုပ်ချုပ်ရေး မှူးများထံသို့လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ မိုင်းပန်မြို့အတွင်းရှိ စာသင်ကျောင်းများနှင့် ဌာနဆိုင်ရာရုံး များကို ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမ များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို အားပေး စကားပြောကြားကာ မေတ္တာလက်ဆောင် များပေးအပ်သည်။


ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မိုင်းပန်မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက် ပြီး ကျန်းမာရေးအထောက်အကူပြုဆေး ပစ္စည်းများနှင့်ဆေးဝါးများ ထောက်ပံ့ ပေးအပ်ကာ ဆေးရုံတက်ရောက်ကုသနေ သောလူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။


အောက်တိုဘာလ ၂၆ ရက်ကလည်း ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင် ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ခရီးသွား ဆွဲဆောင်ရာ အထင်ကရနေရာတစ်ခု ဖြစ်သည့် ပင်လုံစာချုပ် ကျောက်တိုင် (ပြည်ထောင်စုကျောက်တိုင်)ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်ရာတွင် ပင်လုံစာချုပ်ကျောက်တိုင်၏ သမိုင်း ကြောင်းကို ပြည့်စုံရှင်းလင်းစွာသိရှိနိုင် ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီ တော်သို့သွားရောက်ပြီး ပွင့်လင်းရာသီ၌ ဘုရားဖူးခရီးသွားများ လာရောက်ဖူးမြော် ရာတွင် အဆင်ပြေချောမွေ့စွာလာရောက် နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုကာ ဘုရားဖူးခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင် ရွက်ကြရန် တာဝန်ရှိသူများကို မှာကြား ခဲ့ကြောင်းသိရသည်။

မြဝတီ

# အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" ၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းများဖြစ်ပေါ်နိုင်




**နေပြည်တော် အောက်တိုဘာ ၂၈**

**အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" (MONTHA) အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်း မုန်တိုင်း"မွန်ထာ" (MONTHA) သည် မြောက် –အနောက် မြောက် ဘက် သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောဆိုင်ကလုန်း မုန်တိုင်း "မွန်ထာ" သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (Coco Island) ၏ အနောက်ဘက် ရေမိုင် ၆၃၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့ (Chennai) ၏ အရှေ့မြောက်ဘက် ရေမိုင် ၂၁၀ မိုင်ခန့်၊ ကာကီနာဒါမြို့ (Kakinada) ၏ တောင်–အရှေ့တောင်ဘက် ရေမိုင်၇၀မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" ၏တည်နေရာ၊ ဗဟိုချက် လေဖိအားနှင့်လေတိုက်နှုန်း**

အဆိုပါအားကောင်းသောဆိုင်ကလုန်း မုန်တိုင်း "မွန်ထာ" သည် ညနေ ၃ နာရီခွဲ တွင် မြောက်လတ္တီတွဒ် ၁၅ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၂ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၅၅ မိုင်မှ မိုင် ၆၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၁၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါအားကောင်းသောဆိုင်ကလုန်း မုန်တိုင်း "မွန်ထာ" သည်မြောက်–အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျား နိုင်ပြီး နောက် ၁၂ နာရီအတွင်း အိန္ဒိယ နိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ကာကီနာဒါမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါအားကောင်းသောဆိုင်ကလုန်း မုန်တိုင်း "မွန်ထာ" ၏ အရှိန်ကြောင့် ယနေ့ ညနေမှ နောက် ၂၄ နာရီအတွင်း ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်း ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်း များကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" ၏ အရှိန် ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း နှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီး တွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင် ပါရန်နှင့်ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# သွားဖုံးရောင်ရောဂါမဖြစ်စေရေး ကြိုတင်ကာကွယ်ကြပါစို့

ပန်းရောင်ရှိတဲ့သွားဖုံးကို ပုံမှန်အခြေအနေအဖြစ်သတ်မှတ်ကြပါတယ်။ ဒီလိုမဟုတ်ဘဲ သွားဖုံးအရောင်ပြောင်းလဲနေရင် တစ်ခုခုမှားယွင်းနေတာကိုပြတာဖြစ်နိုင်ပါတယ်။

**သွားဖုံးရောင်ခြင်း**

သွားဖုံးတွေက ဗက်တီးရီးယားပိုးတွေနဲ့ အမြဲတမ်းလိုလိုထိတွေ့နေတာကြောင့် ခံတွင်းသန့်ရှင်းရေးကို ဂရုစိုက်ဖို့အရေးကြီးပါတယ်။ သွားဖုံးရောင်တာက သွားဖုံးတွေကျုံ့သွားစေပြီး အဖြူရောင်ပြောင်းနိုင်ပါတယ်။ ဒီအခြေအနေကိုလျစ်လျူရှုထားရင် သွားတွေဆုံးရှုံးတာ၊ ခံတွင်းတစ်သျှူးနဲ့အရိုးတွေပျက်စီးတဲ့အထိ ဖြစ်နိုင်ပါတယ်။ တခြားလက္ခဏာတွေအနေနဲ့ သွားတိုက်ရင်သွေးထွက်တာ၊ သွားတွေလျော့ရဲတာတို့ ဖြစ်တတ်ပါတယ်။

**"သွားဖုံးရောင်ရောဂါက ခံတွင်းသန့်ရှင်းရေးမကောင်းတာကြောင့်ဖြစ်တယ်။ အစာစားပြီး အချိန်ခဏအတွင်းမှာ မျက်စိနဲ့မမြင်နိုင်တဲ့ ဗက်တီးရီးယားအမျှင်တွေ (Acquire Pellicle)ဖြစ်လာလေ့ရှိတယ်။ အဲဒီအမျှင်တွေပေါ် ဗက်တီးရီးယားလာရောက်ကပ်တွယ်ပြီး ဗက်တီးရီးယားစု(Bacterial Plaque)ကနေ ကျောက်ဖြစ်လာတယ်။ ဒီအချိန်မှာ သွားမတိုက်ဘဲဆက်ထားရင် ကျောက်လွှာက တဖြည်းဖြည်းနဲ့မာလာပြီး သွားပတ်လည်နဲ့သွားဖုံးအဆစ်နေရာတွေမှာ ကျောက်တည်လာမယ်။ သွားဖုံးတွေနီရဲပြီးရောင်လာမယ်။ သွားတိုက်တဲ့အခါ သွေးစတွေထွက်လာမယ်။ ဒီလိုဖြစ်နေစဉ်အတွင်းမှာ နာကျင်မှုမရှိသေးလို့ သတိမထားမိနိုင်ပါဘူး။ အဲဒီအဆင့်မှာ သွားမှန်မှန်တိုက်ရင် ပြန်လည်ကောင်းမွန်လာနိုင်ပါတယ် . . ."**

**ခံတွင်းမှိုစွဲခြင်း**

မှို (Candida albicans) ကြောင့်ဖြစ်တဲ့အခြေအနေမှာ ပါးစောင်လျှောနဲ့သွားဖုံးတွေပေါ်မှာ အဖြူရောင်အလွှာတွေဖြစ်ပေါ်လာပါတယ်။ မှိုက ပုံမှန်အနေနဲ့ ခံတွင်းထဲရှိနေပေမယ့် ပမာဏများလာရင် အန္တရာယ်ဖြစ်နိုင်ပါတယ်။

**သွားဖုံးအဖြူကွက်များ**

ဆေးလိပ်သောက်သူတွေမှာအဖြစ်များပြီး ခံတွင်းတစ်သျှူးတွေထိခိုက်တာကြောင့် ဖြစ်ပေါ်လာတာပါ။ အဖြူရောင်အထူအလွှာတွေအဖြစ်မြင်တွေ့ရပြီး နေထိုင်မှုပုံစံပြောင်းလဲပြီး ကုသနိုင်ပေမယ့်လည်း ပြန်လည်ဖြစ်ပွားနိုင်ခြေရှိပါတယ်။

**ပါးစောင်အနာများ**

သွားဖုံးအပါအဝင် ခံတွင်းနံ့နူးညံ့တဲ့တစ်သျှူးတွေပေါ်မှာဖြစ်ပေါ်တတ်ပါတယ်။ အနာတွေရဲ့အလယ်မှာ အဖြူရောင်အစက်တွေ ပါရှိပါတယ်။

**ခံတွင်းကင်ဆာ**

ခံတွင်းကင်ဆာရဲ့လက္ခဏာတစ်ခုအဖြစ် သွားဖုံးအဖြူရောင်ပြောင်းတာတွေ့ရပါတယ်။ လျှာ၊ နှာခေါင်းနဲ့သွားဖုံးတွေကိုထိခိုက်စေနိုင်ပါတယ်။ ရောဂါလက္ခဏာမပြဘဲ ဖြစ်ပွားတတ်ပါတယ်။

**သွေးအားနည်းရောဂါ**

အဆုတ်ကအောက်ဆီဂျင်ကို ဆဲလ်တွေဆီ သယ်ဆောင်ဖို့တာဝန်ရှိတဲ့သွေးနီဥနည်းပါးတာကြောင့် သွားဖုံးတွေက ပန်းရောင်သန်းမနေတော့ဘဲ ဖြူဖပ်ဖြူရော်ဖြစ်နိုင်တယ်။ သွားဖုံးအရောင်ဖြူတာအပြင် တခြားတွေ့နေရတဲ့လက္ခဏာတွေကတော့ အသားအရေဖြူဖပ်ဖြူရော်ဖြစ်တာ၊ မောပန်းလွယ်တာနဲ့ နှလုံးခုန်မြန်တာတို့ဖြစ်နိုင်ပါတယ်။

သတိပြုဖို့က ခံတွင်းမှာ ပုံမှန်မဟုတ်တဲ့အခြေအနေတွေတွေ့ရှိလာရင် နီးစပ်ရာသွားနဲ့ခံတွင်းဆရာဝန်ထံ အမြန်ဆုံးသွားရောက်ပြသသင့်ပါတယ်။ အထူးသဖြင့် ဆေးလိပ်သောက်သူတွေ၊ သွေးအားနည်းသူတွေနဲ့ ကိုယ်ခံအားနည်းသူတွေမှာ အဲဒီလက္ခဏာမျိုးကို အထူးဂရုစိုက်ကြည့်သင့်ပါတယ်။

သွားဖုံးရောဂါက မသန့်ရှင်းမှုကြောင့်ဖြစ်ပွားနိုင်ပါတယ်။ သွားဖုံးတွေအောက်ကိုကျလာပြီး နောက်ဆုံးမှာတော့ သွားတွေကျွတ်တဲ့အထိဆိုးရွားနိုင်ပါတယ်။

သွားဖုံးဆိုတာက သွားတွေအပေါ်ပိုင်း(Crown)နဲ့ အမြစ်ပိုင်း(Root)ဆိုပြီးရှိရာ သွားဖုံးအလွှာက အမြစ်ပိုင်းကိုဖုံးအုပ်ပေးထားတယ်။ ကျန်းမာတဲ့သွားဖုံးက မာပြီးပန်းရောင်သန်းနေပါတယ်။ သွားဖုံးရောင်ရောဂါ(Gingivitis)က သွားဖုံးရောဂါရဲ့အစဖြစ်ပါတယ်။

သွားဖုံးရောင်ရောဂါက ခံတွင်းသန့်ရှင်းရေးမကောင်းတာကြောင့်ဖြစ်တယ်။ အစာစားပြီး အချိန်ခဏအတွင်းမှာ မျက်စိနဲ့မမြင်နိုင်တဲ့ ဗက်တီးရီးယားအမျှင်တွေ (Acquire Pellicle)ဖြစ်လာလေ့ရှိတယ်။ အဲဒီအမျှင်တွေပေါ် ဗက်တီးရီးယားလာရောက်ကပ်တွယ်ပြီး ဗက်တီးရီးယားစု(Bacterial Plaque)ကနေ ကျောက်ဖြစ်လာတယ်။ ဒီအချိန်မှာ သွားမတိုက်ဘဲဆက်ထားရင် ကျောက်လွှာက တဖြည်းဖြည်းနဲ့မာလာပြီး သွားပတ်လည်နဲ့သွားဖုံးအဆစ်နေရာတွေမှာ ကျောက်တည်လာမယ်။ သွားဖုံးတွေနီရဲပြီးရောင်လာမယ်။ သွားတိုက်တဲ့အခါ သွေးစတွေထွက်လာမယ်။ ဒီလိုဖြစ်နေစဉ်အတွင်းမှာ နာကျင်မှုမရှိသေးလို့ သတိမထားမိနိုင်ပါဘူး။ အဲဒီအဆင့်မှာ သွားမှန်မှန်တိုက်ရင် ပြန်လည်ကောင်းမွန်လာနိုင်ပါတယ်။

နောက်တစ်ဆင့်အနေနဲ့ သွားဖုံးရောဂါ (Periodontitis) ဖြစ်လာတယ်။ အဲဒီအဆင့်ကို အဆင့်(၃)ဆင့်ခွဲထားပါတယ်။

ပဏာမအဆင့်(Mild Periodontitis)မှာ သွားဖုံးက သွားနဲ့ကွာသွားပြီးအပေါက်လေးတွေဖြစ်လာတယ်။ ကျောက်မှာထွက်နေတဲ့ ဗက်တီးရီးယားကထွက်တဲ့အက်စစ်တွေကနေတစ်ဆင့် သွားဖုံးတွေ ထိခိုက်လာနိုင်တယ်။

အသင့်အတင့် (Moderate Periodontitis) အဆင့်မှာ အပေါက်တွေက တဖြည်းဖြည်းကြီးလာပြီး သွားဖုံးတွေက အောက်ကိုတဖြည်းဖြည်းကျလာပြီး သွားဖုံးတစ်သျှူးတွေလည်းဆုံးရှုံးလာတယ်။

Severe Periodontitis အဆင့်မှာတော့ သွားဖုံးက အောက်ကိုအလွန်အမင်းကျဆင်းလာပြီး သွားတွေယိုင်လာမယ်။ ခံတွင်းအနံ့ဆိုးဝါးလာမယ်။ နောက်ဆုံး ရေစီးကမ်းပြို (Scurvy) ဖြစ်လာတယ်။

သွားဖုံးရောဂါဖြစ်စေတဲ့ အဓိကအကြောင်းရင်းက Bacterial Plaque လို့ခေါ်တဲ့ ဗက်တီးရီးယားတွေစုဝေးရာအလွှာကို ဖယ်ရှားတာကြောင့်ဖြစ်တယ်။ သွားမှန်မှန်တိုက်ရင် သွားဖုံးရောဂါဖြစ်နိုင်မှုနည်းပါးတယ်။ ဆေးလိပ်သောက်တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ကွမ်းစားတာကြောင့်လည်းဖြစ်နိုင်တယ်။ ကွမ်းကြေးတွေနဲ့အစာတွေကပ်တာကတစ်ဆင့် ကျောက်တွေဖြစ်ပေါ်လာတယ်။

သွားဖုံးရောင်ရောဂါဖြစ်ရင် တွယ်ကပ်နေတဲ့ကျောက်တွေကိုဖယ်ရှားပေးပြီး ကုသမှုပေးရပါမယ်။ အဲဒါကိုကျောက်ခြစ်ခြင်း (Scaling) လို့ခေါ်ပါတယ်။ တကယ်လို့ ရောဂါအခြေအနေဆိုးဝါးပြီး အလွန်အမင်းရောင်နေပြီ၊ ဗက်တီးရီးယားတွေလည်းပျံ့နှံ့နေပြီ၊ နာလည်းနာကျင်နေပြီဆိုရင် ပိုးသတ်ဆေးပေးပြီးမှ ကျောက်တွေကိုဖယ်ရှားပေးရမှာပဲဖြစ်ပါတယ်။ မကုသဘဲထားရင် သွားဖုံးရောင်တာကြောင့် တချို့လူတွေ အရွယ်ရောက်ပြီးချိန်မှာ သွားတွေဆုံးရှုံးရနိုင်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် သွားဖုံးရောင်တဲ့ရောဂါမဖြစ်အောင် သွားနဲ့ခံတွင်းကျန်းမာရေးကို နေ့စဉ်ဂရုစိုက်သင့်ပါတယ်။ သွားပုံမှန်တိုက်ပေးသင့်ပြီး သွားဖုံးရောင်ရောဂါနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေကိုလည်း လိုက်နာကျင့်သုံးကြရင်း ရောဂါကင်းဝေးကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**ဒေါက်တာလွင်သန့်**

---

# မရမ်းကုန်းမြို့နယ်၌ မူးယစ်ဆေးဖြတ်ပြီးသူများ စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းဆင်း

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၅)ဆင်းပွဲအခမ်းအနားကို အောက်တိုဘာလ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်စွာက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟို ဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဖြတ်သင်တန်းသားများအနေဖြင့် ပြန်လည်ထူထောင်မှုခံယူပြီးပါက ဆေးပြန်လည်မသုံးစွဲရန်နှင့် ဆေးပြန်လည်သုံးစွဲပါက ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များ၊ သင်တန်းသားများအနေဖြင့် မိမိတို့နေအိမ်အသီးသီးသို့ ပြန်ရောက်သောအခါ မိမိဘဝတိုးတက်ရေးအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရန် များစွာလိုအပ်သည့်အကြောင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များအား အသီးသီးပေးအပ်ခဲ့ကြပြီး မူးယစ်ဆေးဖြတ်သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကာ တက်ရောက်လာကြသူများက သင်တန်းဆင်းသင်တန်းသားများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။




**ချမ်းမြွေ**

# စုပေါင်းမဟာဘုံကထိန်လှည့်လည်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဌာနဆိုင်ရာများ၏ (၃၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လှည့်လည်ပွဲကို အောက်တိုဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးဆောင်၍ ပဒေသာပင်များအား မြို့တွင်းသို့ လှည့်လည်ပြီး စုပေါင်းမဟာဘုံကထိန်ကျင်းပမည့် အမှတ်(၁၀)ရပ်ကွက်ရှိ ဝါဆိုကျောင်းတိုက်သို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ ငွေကျပ် ၁၅၀၁၅၀၀၀ တန်ဖိုးရှိသောငွေသားနှင့် ပဒေသာပင်များ၊ ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ ဉာတ်သကင်္န်းတို့အား လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရေတွင်းကုန်းကျေးရွာအုပ်စု ဇေတဝန်ဘုန်းတော်ကြီးကျောင်းတိုက်သို့လည်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်၍ ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများက ငွေကျပ် ၁၃၉၂၇၀၀၀ တန်ဖိုးရှိသော ငွေသားနှင့် ပဒေသာပင်များ၊ ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိသော ဉာတ်သကင်္န်းတို့ကိုလှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# မြိတ်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးမည့်တောင်သူများအား မျိုးကောင်းမျိုးသန့်မျိုးစေ့များပေးအပ်

**မြိတ် အောက်တိုဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျွဲကူးကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ၌ အောက်တိုဘာလ ၂၈ ရက်တွင် ဆောင်းသီးနှံ (မတ်ပဲ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်း) စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပေးအပ်ခြင်းနှင့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းတွင် မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က ဆောင်းသီးနှံမျိုးစေ့များပေးအပ်ရခြင်းနှင့် မိုးစပါးမျိုးစေ့စိုက်ထုတ်ခင်း၌ မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲဆောင်ရွက်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အကျိုးဆောင်တောင်သူများအား ဆောင်းသီးနှံ(မတ်ပဲ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်း)မျိုးစေ့များအား မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ရာ ကျွဲကူးကျေးရွာ၊ အင်္ဂမော်ကျေးရွာ၊ ကျောက်ဖျာကျေးရွာ၊ ပင်းအိုကျေးရွာ၊ သဘွတ်ကျေးရွာ၊ သန္တုတ်ကျေးရွာ၊ မောင်းလော့်ကျေးရွာ၊ ညောင်ဘီးကျေးရွာတို့မှ အကျိုးဆောင်တောင်သူများက လက်ခံရယူသည်။

ထို့နောက် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းတွင် မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲကို မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(၄၁၂)

# လှိုင်း

❖ သမုဒ္ဒရာဝယ်၊ ရေပင်လယ်မှာ
လှိုင်းသွယ်ပြင်းပြင်း၊ မာန်ဟုန်ခင်းလည်း
လေညင်းနဲ့သာ၊ ပေါင်းမိခါဝယ်
စီးကာတိမ်းညွတ်၊ လှိုင်းကြက်ခွပ်လို
စိန်ကွပ်သည့်ပမာ ချစ်စရာ။
ဖြူမွတ်ဝင့်ဝါ ချစ်စရာ။

❖ နဒီရေလှိုင်း၊ ကဆုန်စိုင်းရင်း
မုန်တိုင်းပမာ၊ ကြောက်စရာမို့
အရာရာပေါင်းစည်း၊ ဘီလူးကြီးလို
ဖျက်ဆီးခြွေလျက်၊ ဒေါသသက်ဆင်း
ဖျက်ဆီးတတ်သူ၊ လှိုင်းနှင့်တူ၍
မှတ်ယူတတ်လေ ကျင့်တတ်စေ။

❖ ကမ်းပါးပဲ့ပြို၊ လှိုင်းကြမ်းဖြိုလို့
ပြစ်ဆိုမတင်၊ တစ်ဖက်တွင်မှာ
သောင်ပြင်ပေါ်ထွန်း၊ မြေနုကျွန်းသို့
လှလွန်းမြစ်ငယ်၊ ဝဲအလယ်မှာ
သောင်ငယ်တစ်မျိုး ရစ်ခွေတိုး။

❖ လူ့ဘဝသွင်၊ လှိုင်းလေသွင်ဖြင့်
ယှဉ်ပြန်ပေး သတ္တိသွေး။
ဖြူစင်မာန်တွေး ဗျတ္တိမွေး။ ။

**သမီးပျို**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# Eco Expo Asia 2025 ပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာဝန်ကြီးဌာနဝန်ကြီး H.E. Mr. TSE Chin-wan ၏ ဖိတ်ကြားချက်အရ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ Hong Kong Asia World-expo ၌ အောက်တိုဘာလ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် အကြိမ်(၂၀)မြောက် Eco Expo Asia 2025 သို့ ပါဝင်တက်ရောက်သည်။

ယနေ့တွင် Eco Expo Asia ဖွင့်ပွဲကို Hong Kong Asia World-expo ၌ ကျင်းပရာ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. TSE Chin-wan က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာဝန်ကြီးဌာနဝန်ကြီး H.E. Mr. TSE Chin-wan ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တက်ရောက်လာသည့် နိုင်ငံ့ကိုယ်စားလှယ်ခေါင်းဆောင်များက ပြပွဲကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် Eco Expo Asia Conference – Government Session (1) တွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများ၊ သစ်တောများ၊ သဘာဝအရင်းအမြစ်များပေါကြွယ်ဝပြီး ဂေဟစနစ်အခြေပြုဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အလမ်းများစွာရှိကြောင်း၊ အာရှဒေသတွင်းနိုင်ငံများနည်းတူ ကြီးမားသည့် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ ၎င်းစိန်ခေါ်မှုများကိုလျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ခိုင်မာသောမူဝါဒ၊ မဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်များကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် ကာဗွန်မျှခြေရရှိရေးဆိုင်ရာ ခိုင်မာသည့်မူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ပါရီသဘောတူညီချက်အရ "အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့်လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းအစီအစဉ်(NDCs)" ကို ၂၀၂၂ ခုနှစ်တွင်တင်ပြခဲ့ပြီး ၂၀၃၀ ပြည့်နှစ် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များရရှိရေးအတွက် သဘာဝအခြေပြုဖြေရှင်းနည်းလမ်းများ (Nature-based Solutions) ဖြစ်သည့် အမြဲတမ်းသစ်တောနယ်မြေများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ သစ်တောစိုက်ခင်းများတိုးမြှင့်တည်ထောင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စွမ်းဆောင်ရည်နှင့်အညီ "NDC 3.0"ကို ဖော်ဆောင်လျက်ရှိကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သည့် အစိမ်းရောင်ဖွံ့ဖြိုးရေးကမ်ပိန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် သဘာဝအရင်းအမြစ်များအား အကျိုးရှိစွာအသုံးပြုမှုကို ဦးစားပေးသည့် ကာဗွန်ထုတ်လွှတ်မှုနည်းသော၊ တာဝန်ရှိသော ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်အတွက် အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်ကိုလည်း ရေးဆွဲလျက်ရှိကြောင်း၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှု တိုးလာခြင်းကို တုံ့ပြန်သည့်အနေဖြင့် မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) နှင့် ပလတ်စတစ်ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၅)ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များဖြင့် အမြဲပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဧည့်သည်တော်များ၊ သံတမန်များနှင့်အတူ အစိမ်းရောင်အခြေပြုစီမံကိန်းပြခန်းများ၊ ဂေဟစနစ်နှင့် လိုက်လျောညီထွေသည့် ထုတ်ကုန်များဆိုင်ရာပြခန်းများ၊ လေအရည်အသွေးသန့်စင်ပေးခြင်းဆိုင်ရာပြခန်းများ၊ အမှိုက်များပြန်လည်သန့်စင်ခြင်းနှင့် စွမ်းအင်ထုတ်လုပ်ခြင်းဆိုင်ရာပြခန်းများ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများအခြေပြုစွမ်းအင်ထုတ်လုပ်မှုဆိုင်ရာပြခန်းများ၊ အစိမ်းရောင်အဆောက်အဦများဖွံ့ဖြိုးရေးဆိုင်ရာပြခန်းများ၊ အစိမ်းရောင်ပို့ဆောင်ဆက်သွယ်ရေးဖြစ်သည့် လျှပ်စစ်ကား၊ လျှပ်စစ်နှင့်ဓာတ်ငွေ့သုံး Hybrid ကားနှင့် ဟိုက်ဒရိုဂျင်လောင်စာသုံးကားများဆိုင်ရာပြခန်းများကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဟောင်ကောင်၏ မဟာဗျူဟာနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရရှိရေးအတွက်ဆောင်ရွက်နေသော အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ၊ ကာဗွန်မျှခြေရရှိရေးနှင့် ပတ်လည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အစိမ်းရောင်အဆောက်အဦများဖွံ့ဖြိုးရေးနှင့် စွမ်းအင်ချွေတာရေး၊ ကာဗွန်ဈေးကွက်ဖွံ့ဖြိုးရေးနှင့် ဟိုက်ဒရိုဂျင်စွမ်းအင်အခြေပြုပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးရေး၊ စွန့်ပစ်ပစ္စည်းများမှ စွမ်းအင်ထုတ်လုပ်သုံးစွဲရေး စသည့်အကြောင်းအရာများပါဝင်သော နည်းပညာနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဟန္ဒိုင်းမြို့အခြေစိုက် ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ဟန္ဒိုင်းမြို့အခြေစိုက် ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံခေါင်းဆောင်များ ၂၀၂၅ ခုနှစ် မတ်လအတွင်း တွေ့ဆုံခဲ့စဉ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်စာတမ်းများအရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏အခြေအနေ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ၂၀၂၅ ခုနှစ် အောက်တိုဘာလ လဆန်းပိုင်းက ကျင်းပခဲ့သည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ ဒုတိယအကြိမ်အစည်းအဝေး၏ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) အပါအဝင် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသော စာချုပ်စာတမ်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘယ်လာရုစ်သံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# အိန္ဒိယရေကြောင်းဆိုင်ရာ ရက်သတ္တပတ်-၂၀၂၅ (INDIA MARITIME WEEK-2025) အခမ်းအနားကျင်းပ





နေပြည်တော် အောက်တိုဘာ ၂၈

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ရှိ NESCO Exhibition Center ၌ အောက်တိုဘာလ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပသည့် အိန္ဒိယရေကြောင်းဆိုင်ရာ ရက်သတ္တပတ်-၂၀၂၅ (INDIA MARITIME WEEK – 2025) အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည့် အဆိုပါအစည်းအဝေးတွင် ဒုတိယဝန်ကြီးက အပျော်စီးခရီးသည်များ၏စီးပွားရေး၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ ကာဗွန်လျှော့ချရေး၊ အသွင်ပြောင်းအင်ဂျင်ဆိပ်ကမ်းများတည်ဆောက်ရေး၊ ကုန်ပစ္စည်းများဖြန့်ဝေမှုကွင်းဆက်အား ခိုင်မာအောင်တည်ဆောက်ခြင်း၊ အပြာရောင်စီးပွားရေးဆိုင်ရာ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ ပင်လယ်ရေကြောင်းဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် အနာဂတ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ပင်လယ်ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး၊ အင်ဒို-ပစိဖိတ်ဒေသတစ်လျှောက်ရှိ ဆိပ်ကမ်းများဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားကို အိန္ဒိယနိုင်ငံ၊ ဆိပ်ကမ်း၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေကြောင်းဝန်ကြီးဌာနက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းအခြေခံအဆောက်အဦမြှင့်တင်ရန်၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုလုပ်ငန်းများခေတ်မီရေး အဆင့်မြှင့်တင်ရန်နှင့်ရေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန် စသည့်အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်သွားနိုင်စေရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ လိုက်ဘေးရီးယား၊ မော်ရစ်ရှ၊ မြန်မာ၊ နယ်သာလန်၊ နော်ဝေး၊ သီရိလင်္ကာ၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယားနိုင်ငံ၊ အင်တီဂွါနှင့် ဘာဘူဒါနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီးများအဆင့် အစည်းအဝေးဆက်လက်တက်ရောက်ပြီး ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တစ်လျှောက် ကမ်းရိုးတန်းကီလိုမီတာ ၂၃၀၀ ကျော်ရှိသည့်တောင်နှင့်အရှေ့တောင်အာရှကိုဆက်သွယ်ထားသောမဟာဗျူဟာကျသည့်နေရာတွင် တည်ရှိနေပြီး မြန်မာနိုင်ငံ၏ဆိပ်ကမ်းများဖြစ်သော ရန်ကုန်၊ သီလဝါနှင့်ကျောက်ဖြူတို့သည် မြန်မာနိုင်ငံကို ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်များသို့ ချိတ်ဆက်ပေးနေကြောင်း၊ မြန်မာနိုင်ငံသည် IMO ၏ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေး ရေကြောင်းကျွမ်းကျင်ပညာရှင်များနှင့် သင်္ဘောသားများအတွက် သင်တန်းပေးခြင်းတို့ကိုလည်း ခေတ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း။

အိန္ဒိယ-မြန်မာ ကမ်းရိုးတန်းသွားသင်္ဘောများဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုပြီးပါက ကုန်သွယ်မှုလမ်းကြောင်းသစ်များ ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး ဒေသတွင်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ BIMSTEC Coastal Shipping Agreement အရ ဘင်္ဂလားပင်လယ်အော်တစ်လျှောက် အဆင်ပြေသော ရေကြောင်းဆက်သွယ်မှုများကို ဖန်တီးပေးနိုင်မည်ဖြစ်သည့်အပြင် ကမ်းရိုးတန်းနိုင်ငံအားလုံးအတွက် ပူးတွဲအပြာရောင်စီးပွားရေးကိုလည်း ထောက်ပံ့ကူညီပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ပင်လယ်ရေကြောင်းကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ASEAN၊ BIMSTEC စသည့် ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးသန့်စင်အား ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ကိုရီးယားသမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန့်စင်အား နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

## ၂၈-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)**ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်



နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးတို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် ( ၂ / ၂၀၂၅ ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်သည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများကျင်းပပေးရန်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်၌ ရွေးကောက်ပွဲအပိုင်း(၁)ကို မြို့နယ် ၁၀၂ မြို့နယ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် မဲအများဆုံးရသူအနိုင်ရသည့် FPTP စနစ်အပြင် FPTP စနစ်၏ အားသာချက်နှင့် PR စနစ်၏ ကောင်းကျိုးများကို ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP)ကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း။

ကြိုတင်မဲများမှလွဲပြီး ရွေးကောက်ပွဲနေ့ မဲရုံများ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များဖြင့်တစ်နိုင်ငံလုံးရှိ မဲရုံအားလုံးတွင် လွှတ်တော်အသီးသီးအတွက် လွယ်ကူရိုးရှင်းစွာ မဲပေးရမည်ဖြစ်ကြောင်း၊ MEVM စက်များဖြင့် အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲမသမာမှုများမဖြစ်နိုင်သည့်အပြင် မဲရလဒ်များကိုလည်း အချိန်တိုအတွင်း တိကျမှန်ကန်စွာ ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း၊ ပယ်မဲများမရှိသဖြင့် မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများအတွက် များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ MEVM မဲပေးစက်မှာ မြန်မာစံချိန်စံညွှန်းဖြစ်သော MMS 63:2025 မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီစစ်ဆေးပြီးဖြစ်၍ အရည်အသွေးကိုက်ညီမှု ထောက်ခံချက် (Certificate of Conformity – CoC) နှင့် မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (MMS Standard Mark) အသုံးပြုခွင့်လိုင်စင် ရရှိထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲပေးစက်နှင့်စပ်လျဉ်း၍ ရပ်ကွက်/ကျေးရွာအဆင့်အထိ မဲဆန္ဒရှင်ပြည်သူများသို့ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးစေခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြောင်း။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် မဲစာရင်းများကပ်ထားကြေညာချိန်တွင် သွားရောက်ကြည့်ရှု၍ မဲစာရင်းတွင် မပါဝင်ပါက တောင်းဆိုခြင်း၊ မပါသင့်သူများ ပါဝင်နေပါက ကန့်ကွက်ခြင်း၊ အချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ခြင်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအကြိမ်မဲစာရင်း ကပ်ထားကြေညာခြင်းမပြုမီ သက်ဆိုင်ရာဌာနများ၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပူးပေါင်း၍ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုဝင်ဘာလတွင် ဒုတိယအကြိမ်မဲစာရင်းများ ကပ်ထားကြေညာပေးမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် လာရောက်ကြည့်ရှု၍ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ နောက်ဆုံးအကြိမ်အနေဖြင့် ဒီဇင်ဘာလအတွင်း ကပ်ထားကြေညာပေးမည်ဖြစ်ပြီး ရွေးကောက်ပွဲအတွက် အတည်ပြုမဲစာရင်းရရှိမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပမှ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ၊ ယာယီနေရပ်စွန့်ခွာနေရသည့် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ စနစ်တကျ ကြိုတင်မဲပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့်ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၆ ပါတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တစ်သီးပုဂ္ဂလနှင့်နိုင်ငံရေးပါတီများမှလွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ခွင့်ပြုပေးထားကြောင်း။

ယခုဆိုလျှင် ရွေးကောက်ပွဲအပိုင်း (၁) စတင်ကျင်းပရန် ၆၁ ရက်သာလိုတော့ပြီး ရွေးကောက်ပွဲ နီးလာသည်နှင့်အမျှ ရွေးကောက်ပွဲလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ သင်တန်းသားများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန် ယခုကဲ့သို့ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည့်အတွက် အလေးအနက်ထားသင်ယူမှတ်သားကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၇ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုအားကစားသမားများအား နောက်ဆုံးဆန်ခါတင် လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဂျူဒိုနေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုအားကစားသမားများအား နောက်ဆုံးဆန်ခါတင် လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဂျူဒိုနေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။



ယနေ့ လက်ရည်ဆန်းစစ်ဂျူဒိုပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး တစ်ဦးချင်း ဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ၊ ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး(–၅၂)ကီလိုတန်းပြိုင်ပွဲတွင် ပထမ အိအိဝင်း(GC)၊ ဒုတိယ မေဇင်ဖြိုး(YC)၊ ပူးတွဲတတိယ နော်မြတ်နိုးရွှေစင်(YC)နှင့် ဆောင်ယုံ(YC)တို့ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်ကလည်းကောင်း၊ အမျိုးသမီး (–၅၇) ကီလိုတန်းပြိုင်ပွဲတွင် ပထမ ပြည့်စုံအောင်(GC)၊ ဒုတိယ အိအိသဇင်ဇော် (GC)၊ ပူးတွဲတတိယ နန်းဖြိုးသီရိဟန်(YC)နှင့် ပိုးအိလွင်(GC)တို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးကလည်းကောင်း၊ အမျိုးသမီး (–၇၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဆောင်းဦးဝေ(GC)၊ ဒုတိယ ထက်ထက်လင်း(YC)၊ တတိယ နန်းနုနုခေါင်(YC)နှင့်အမျိုးသား (–၆၆)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဖြိုးကျော်ကျော်(YC)၊ ဒုတိယ စောမြသံစဉ်(YC)၊ ပူးတွဲတတိယ အောင်ဆက်ပိုင်(YC)နှင့် အိဇက် (YC)တို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးကလည်းကောင်း၊ အမျိုးသား(–၇၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမ လရောင်ရှန်(GC)၊ ဒုတိယ လှိုင်မင်းခန့်(GC)၊ ပူးတွဲတတိယ ထက်အောင်(GC)နှင့် ကျော်ဆွေ(YC)နှင့် အမျိုးသား(–၈၁)ကီလိုတန်းပြိုင်ပွဲတွင် ပထမ သန့်ဇင်ဝင်းအောင်(GC)၊ ဒုတိယ ချစ်ကိုကို(GC)၊ တတိယ အောင်ပြည့်ဖြိုး(YC)တို့ကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဦးထွန်းထွန်းကလည်းကောင်း၊ အမျိုးသမီး(+၇၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမ အေးအေးအောင်(GC)၊ ဒုတိယ ဖြိုးရွှေစင်ကျော်(GC)၊ တတိယနန်းသဲနုနုစံ(YC)နှင့် အမျိုးသား(–၉၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ကျော်ခန့်စိုး(GC)၊ ဒုတိယ ဇော်လင်းဖြိုး၊ ပူးတွဲတတိယ စထက်ဝေဖြိုး(YC)နှင့် အောင်ပိုင်ခန့်(YC) တို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးထံ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဂျူဒိုနေ့အထိမ်းအမှတ် ဒီပလိုမာမှတ်တမ်းလွှာကို ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၂၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးခင်ရီ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)**

လေးစားအပ်ပါသော မိတ်ပြည်သူများ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်ကစပြီး ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို စတင်ကျင်းပမှာဖြစ်ပါတယ်။

လာမယ့်ရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတပြီး မှတ်ကျောက်တင်နိုင်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်အောင် ပြည်သူလူထုပူးပေါင်းဆောင်ရွက်ချက်နဲ့အတူ နိုင်ငံတော်အစိုးရနဲ့ ရွေးကောက်ပွဲကော်မရှင်တို့က ပြည်တွင်း/ပြည်ပလေ့လာစောင့်ကြည့်ရေးအဖွဲ့များကို ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားမှာဖြစ်လို့ ပေါ်ထွက်လာမယ့် ရွေးကောက်ပွဲရလဒ်နဲ့အစိုးရသစ်သည်လည်း တရားဝင်မှုကို ရှိစေမှာဖြစ်ပါတယ်။

မဲဆန္ဒရှင်မိတ်ပြည်သူများခင်ဗျား-

လာမယ့် ရွေးကောက်ပွဲအတွက် ကျွန်တော်တို့ပါတီရဲ့ဆောင်ပုဒ်က "ပိုမိုခိုင်မာ ပြည်မြန်မာ"ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ဝယ်ရရှိထားပြီးဖြစ်တဲ့ အခြေခံကောင်းတွေအပေါ်မူတည်ပြီး ပိုမိုခိုင်မာအင်အားတောင့်တင်းလုံခြုံအေးချမ်းတဲ့နိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်ရမယ်ဆိုတဲ့ နိမိတ်ပုံကိုယူပြီး သတ်မှတ်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ လွန်ခဲ့တဲ့ (၃)နှစ်တာကာလအတွင်း ပြည်သူလူထုရဲ့ အဓိကလိုအင်ဆန္ဒတွေကို စနစ်တကျလေ့လာပြီး ပါတီတာဝန်ရှိသူတွေက ဘာသာရပ်ဆိုင်ရာလက်တွေ့ကျွမ်းကျင်သူတွေကိုဖိတ်ကြား၍ ကြိမ်ဖန်များစွာဆွေးနွေးကြပြီး နိုင်ငံတော်ရဲ့ အနာဂတ်အစီအမံတွေကို ဆွေးနွေးအဖြေရှာခဲ့ကြပါတယ်။

ကျွန်တော်တို့ရဲ့ဆွေးနွေးချက်တွေဟာ ဒို့တာဝန်အရေးသုံးပါးကို အခြေခံပြီး ကဏ္ဍစုံ၊ နယ်ပယ်စုံဆွေးနွေးခဲ့ကြတာဖြစ်လို့ ပါတီရဲ့ အနာဂတ်အစီအမံကတိကဝတ်တွေအဖြစ် ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းမှာ အပြည့်အစုံဖော်ပြထားပြီးဖြစ်ပါတယ်။

ပထမဦးဆုံး ကျွန်တော်တို့လုပ်ရမယ့်လုပ်ငန်းစဉ်ကတော့ နိုင်ငံတော်ကဏ္ဍအသီးသီးရဲ့ လက်ရှိအခြေအနေတွေကို ပြည်တွင်းကျွမ်းကျင်ပညာရှင်တွေနဲ့ "လေ့လာ၊ သုံးသပ်၊ ဆန်းစစ်ခြင်း"လုပ်ငန်းကို စတင်ပြုလုပ်သွားမှာဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် ဦးစားပေးကဏ္ဍအလိုက်ထုတ်နုတ်ပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ပါတီရဲ့ နိုင်ငံအတွက်အခြေခံစဉ်းစားချက်ဖြစ်ပါတယ်။

ဒီနေ့တင်ပြချက်တွေဟာ အချိန်ကန့်သတ်ချက်အရ ပြည်သူတွေရဲ့ အဓိကလိုလားချက်တွေဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ အေးချမ်းစွာနေထိုင်လိုမှု၊ အခြေခံစားဝတ်နေရေးအဆင်ပြေစေလိုမှု စတာတွေကို အဓိကထားပြောကြားမှာဖြစ်ပြီး ဆက်စပ်ပတ်သက်နေတဲ့ နယ်ပယ်ကဏ္ဍတချို့ကိုပါ အကျဉ်းချုပ်ထုတ်နုတ်တင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးနဲ့ပတ်သက်ရင် တပ်မတော်နဲ့အစဉ်လက်တွဲပြီး ကူညီပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးကဏ္ဍနဲ့ပတ်သက်လာရင် တရားဥပဒေစိုးမိုးရေးအင်အားစုတွေလို့ခေါ်ရတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အခွန်ဦးစီးဌာန၊ တရားရေးဌာနနဲ့ ဥပဒေဌာန စသည်ဖြင့် များစွာသောအဖွဲ့အစည်းတွေနဲ့ ဘက်စုံထောင့်စုံ ပီပီပြင်ပြင် ချိတ်ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီနည်းပညာတွေဖြည့်တင်းပြီး အင်အားတိုးမြှင့်ခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ကို တည်ဆောက်ခြင်း၊ ရဲတက္ကသိုလ်တစ်ခုသီးခြားဖွင့်လှစ်ပြီး အကြမ်းဖက်မှု၊ ပြည်တွင်းလုံခြုံရေးနဲ့မှုခင်းနှိမ်နင်းရေးကို အရည်အသွေးပြည့်မီစွာ ထမ်းဆောင်နိုင်ဖို့ စီမံဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လက်ရှိဖွဲ့စည်းပုံမှာလိုအပ်နေတဲ့ တိရစ္ဆာန်များစနစ်တကျထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်မြေထိန်းသိမ်းစောင့်ရှောက်ရေးရဲတပ်ဖွဲ့အပါအဝင် လိုအပ်သောလုံခြုံရေးအဖွဲ့အစည်းတွေကို တိုးချဲ့ဖွင့်လှစ်သွားပါမယ်။

ရဲစခန်းတစ်ခုပိုင်နယ်မြေအတွင်းမှာရှိတဲ့အိမ်ရာတိုင်းကို သက်ဆိုင်ရာနယ်မြေရဲစခန်းနဲ့ချိတ်ဆက်မှုစနစ်မျိုး တည်ဆောက်ထားခြင်း၊ အနီးဝန်းကျင်ရှိရဲစခန်းအချင်းချင်း အချိန်နဲ့တစ်ပြေးညီ ကွန်ရက်ဆက်သွယ်မှုစနစ်ကိုထူထောင်ခြင်းတွေပြုလုပ်ပြီး တရားဥပဒေစိုးမိုးရေးနဲ့ ရာဇဝတ်မှုနှိမ်နင်းခြင်းတွေကို ပိုမိုအားဖြည့်ဆောင်ရွက်သွားပါမယ်။

အုပ်ချုပ်ရေးကဏ္ဍမှာ အစိုးရအုပ်ချုပ်ရေးစနစ်အသွင်မှ ပြည်သူ့အုပ်ချုပ်ရေးစနစ်အသွင်သို့ပြောင်းလဲခြင်း၊ ဟန့်တားကြန့်ကြာစေတဲ့ ကြိုးနီစနစ်တွေကိုဖယ်ရှားပစ်ခြင်း စတာတွေကို အထူးအလေးထားဆောင်ရွက်သွားပါမယ်။

တရားစီရင်ရေးကဏ္ဍမှာ ဘက်လိုက်မှု၊ ကြန့်ကြာမှု၊ အဂတိမှုတွေ မဖြစ်ပေါ်စေရေးအတွက် စနစ်တကျ စောင့်ကြည့်လေ့လာရေးယန္တရားတစ်ရပ်ထူထောင်ပြီး လွတ်လပ်၍တရားမျှတသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာအောင် ဆောင်ရွက်သွားပါမယ်။

နိုင်ငံသားတိုင်းဟာ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေတွေရဲ့ အကာအကွယ်ကို အပြည့်အဝခံစားရရှိစေဖို့ ဆောင်ရွက်သွားပါမယ်။

အခြေခံစားဝတ်နေရေးအဆင်ပြေစေရေးနဲ့ပတ်သက်ပြီး ကုန်စည်စီးဆင်းမှုလျင်မြန်မှန်ကန်စေဖို့ ဟန့်တားနေတဲ့အတားအဆီးတွေအားလုံးဖယ်ရှားခြင်း၊ စိုက်ပျိုးရေးနဲ့မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ သီးနှံဇုန်၊ မွေးမြူရေးဇုန်၊ ရော်ဘာဇုန်၊ သားငါးဇုန်၊ အလှပန်းမန်ဇုန် စသည်ဖြင့် သီးခြားဇုန်တွေသတ်မှတ်၍ သွင်းအားစုတွေကို အကောက်ခွန်နှုန်းလျှော့ချတင်သွင်းစေပြီး အစိုးရသက်တမ်းတစ်ခုအတွင်းမှာ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ဆောင်ရွက်ကာ ပို့ကုန်/သွင်းကုန်မူဝါဒတွေကို ပြန်လည်ဆန်းစစ်ခြင်း၊ ဇုန်တွေကထွက်ရှိသောထွက်ကုန်တချို့အား ပြည်ပပို့ကုန်အဖြစ်ဆောင်ရွက်ခြင်းများပြုလုပ်ခြင်းဖြင့် ကုန်စည်ဈေးနှုန်းတွေကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းတို့ကိုလည်း တစ်ပါတည်း ပူးတွဲဆောင်ရွက်သွားပါမယ်။

စီးပွားရေးကဏ္ဍမှာ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ သွင်းကုန်မူဝါဒ၊ ပို့ကုန်မူဝါဒ၊ ကုန်သွယ်မှုမူဝါဒတွေကို နိုင်ငံတော်နဲ့ပြည်သူအားလုံးအတွက် လုပ်သာကိုင်သာရှိသောအခြေအနေမျိုးဖြစ်အောင် စိစစ်ဆောင်ရွက်သွားပါမယ်။

မဲဆန္ဒရှင် မိတ်ပြည်သူများခင်ဗျား-

ဆက်စပ်ကဏ္ဍတွေအနေနဲ့ လယ်ယာကဏ္ဍမှာ မြန်မာ့တောင်သူလယ်သမားတွေ ကြွေးမြီသံသရာက တစ်စချင်းတစ်စချင်း လွတ်မြောက်အောင် အစိုးရသက်တမ်းတစ်ခုအတွင်း အာမခံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အလုပ်သမားကဏ္ဍအနေနဲ့လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲကြောင့် တည်ငြိမ်အေးချမ်းမှုနဲ့အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်လာမှာဖြစ်လို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုအဆင်ပြေလာမှာဖြစ်ပါတယ်။ ဒီအချက်ကို ထိထိမိမိအသုံးချနိုင်ဖို့အတွက် ပြည်တွင်းရှိသက်မွေးပညာကျောင်းတွေမှာ "အာဆီယံအဆင့်" သတ်မှတ်နိုင်အောင်စီမံပြီး ပေါ်ပေါက်လာတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ရယူခံစားနိုင်အောင်ဆောင်ရွက်သွားပါမယ်။

အလုပ်သမားတွေရဲ့ လုပ်ခလစာတွေကို လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင်တိုးမြှင့်ခြင်း၊ အလုပ်သမားအခွင့်အရေးအကာအကွယ်ပေးရေးဥပဒေတွေကို ဖြည့်စွက်ပြဋ္ဌာန်းခြင်း၊ ပြည်ပသို့ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားအလုပ်သမားအားလုံး တရားဝင်ဖြစ်စေဖို့ အစိုးရချင်းညှိနှိုင်းဆောင်ရွက်ပြီး ၎င်းတို့ရဲ့မိသားစုထံလွှဲပြောင်းငွေတွေကို တရားဝင်နည်းလမ်းဖြင့် ပိုမိုအဆင်ပြေချောမွေ့စေရန်လည်း စီမံဆောင်ရွက်ပေးပါမယ်။

ဝန်ထမ်းကဏ္ဍအနေနဲ့ အခြေခံလစာကို လက်ရှိအခြေအနေနဲ့ ကိုက်ညီနိုင်အောင်တိုးမြှင့်ပေးပြီး ကုန်ဈေးနှုန်းတွေ လိုက်လံတိုးမြင့်မလာစေဖို့ လိုအပ်သောဥပဒေများ၊ ထိန်းကျောင်းမှုများ စတာတွေကို ချမှတ်ဆောင်ရွက်သွားပါမယ်။ ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်စဉ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် သွားလာရေး၊ နေထိုင်ရေးကိစ္စတွေမှာ အခွင့်အရေးများရရှိစေဖို့ စီမံဆောင်ရွက်သွားပါမယ်။ ဝန်ထမ်းတွေအတွက် လူမှုဖူလုံရေးနဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေကို ပိုမိုအားဖြည့်ဆောင်ရွက်သွားပါမယ်။

ဝန်ထမ်းအငြိမ်းစားတွေအတွက် ခေတ်နဲ့အညီ ရပ်တည်နိုင်အောင်လည်း စီမံဆောင်ရွက်သွားပါမယ်။ သက်ကြီးရွယ်အိုတွေ၊ အမျိုးသမီးတွေ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ၊ မသန်စွမ်းတွေ ကူညီစောင့်ရှောက်ရေးနဲ့ လိုအပ်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်နိုင်ရေးကိုလည်း ဥပဒေပြဋ္ဌာန်းပြီး အစီအမံတစ်ရပ်ချမှတ်ဆောင်ရွက်သွားပါမယ်။

ပညာရေးကဏ္ဍမှာ နိုင်ငံတော်က ချမှတ်ထားတဲ့အလယ်တန်းအဆင့်အထိ အခမဲ့ပညာသင်ကြားရေးစနစ်ကို အားဖြည့်ဆောင်ရွက်သွားပါမယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းစတင်အပ်နှံရမယ့် (၅)နှစ် ကျောင်းနေအရွယ်ကလေးများ စာရင်းကောက်ယူရေးလုပ်ငန်းယန္တရားတစ်ခုကို ဒေသအာဏာပိုင်များအစီအစဉ်နဲ့ ကွက်လပ်မကျန်ဆောင်ရွက်ပါမယ်။ ယင်းနောက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေးစီမံသွားပါမယ်။ မိသားစုစားဝတ်နေရေးအတွက် အခြေအနေအမျိုးမျိုးကြောင့် ကျောင်းအပ်နှံမှုမပြုနိုင်တဲ့ကလေးတွေအတွက် "ကျောင်းပြင်ပ ပညာရေးစနစ်"ကို အစားထိုးဆောင်ရွက်ပြီး ကျောင်းနေအရွယ်အားလုံး ကြွင်းကျန်မှုမရှိရအောင် စီမံဆောင်ရွက်သွားပါမယ်။

အဲဒီနောက် နိုင်ငံတကာအဆင့်မီပညာရေးမြင့်မားလာစေဖို့ သင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားပါမယ်။ ကျောင်းများမှာ ပြည်သူ့နီတိ၊ **စာမျက်နှာ ၁၃ သို့** ❐

❒ စာမျက်နှာ ၁၂ မှအဆက်

ဒီမိုကရေစီကျင့်စဉ်နဲ့လူ့ကျင့်ဝတ်၊ တရားဥပဒေတို့ကိုလေးစားလိုက်နာသောနိုင်ငံသားတွေဖြစ်လာအောင် ကျောင်းသင်ရိုးညွှန်းတမ်းများမှာ ဒီအချက်တွေ ထည့်သွင်းရေးဆွဲပြီး အလယ်တန်းအဆင့်အထိ မသင်မနေရဘာသာတစ်ခုအဖြစ် သင်ကြားစေခြင်း၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောင်းသားတိုင်းသည် မိမိဘာသာစကားအပြင် တိုင်းရင်းသားဘာသာစကားတစ်မျိုးမျိုးကို အလယ်တန်းအဆင့်အထိ မသင်မနေရသင်ယူစေခြင်းစတာတွေကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လူငယ်နှင့် အမျိုးသမီးကဏ္ဍနဲ့ပတ်သက်ရင် ဒီနေ့လုပ်ဆောင်ချက်တွေဟာ အနာဂတ်မျိုးဆက်သစ်လူငယ်တွေအတွက် ရလဒ်ကောင်းတွေဖြစ်ထွန်းပေါ်ပေါက်စေဖို့ ဖော်ဆောင်ပေးနေခြင်းဖြစ်ပါတယ်။ အနာဂတ်လူငယ်တွေအတွက် ပဋိပက္ခတွေ၊ နည်းပညာနောက်ကျမှုတွေစတဲ့လိုအပ်ချက်တွေကို ချန်ထားခဲ့မှာမဟုတ်ဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်တွေအဖြစ် အမွေပေးနိုင်အောင် အဆင့်ဆင့်တိုးမြှင့်အကောင်အထည်ဖော်သွားပါမယ်။

ကျန်းမာရေးကဏ္ဍအနေနဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို တိုးချဲ့မြှင့်တင်ခြင်း၊ ကျေးလက်ဒေသတွေမှာ လူတိုင်းလက်လှမ်းတမီကျန်းမာရေးစောင့်ရှောက်မှုစနစ် လွှမ်းခြုံနိုင်မှုကို ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၊ ပြည်သူ၊ ပုဂ္ဂလိက၊ ပရဟိတစတဲ့အဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ထူထောင်ခြင်း၊ ပြည်သူ့ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးလုပ်သားများဖြည့်တင်းခြင်း၊ဆေးကုသမှုစရိတ်များသက်သာအောင် ဆောင်ရွက်ခြင်း၊ ဖြည့်တင်းပေးခြင်းတွေကို တိုးမြှင့်ဆောင်ရွက်သွားပါမယ်၊

ပြည်တွင်း/ပြည်ပမှထုတ်လုပ်တင်သွင်းတဲ့ စားသောက်ကုန်တွေကို ကျန်းမာရေးနဲ့ညီညွတ်စေဖို့အတွက် အစားအသောက် ဆေးဝါး စစ်ဆေးရေးအဖွဲ့အစည်း(FDA)ကဲ့သို့သော အဖွဲ့အစည်းတွေကို တိုးချဲ့ဖွဲ့စည်းပြီး ကြပ်မတ်ဆောင်ရွက်သွားပါမယ်။

ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးမြှင့်စေရေးအတွက် ခရီးသွားလုပ်ငန်းအေဂျင်စီများ၊ ပြည်ပရှိ မြန်မာသံရုံးများနဲ့ချိတ်ဆက်ပြီး ခရီးသွားများပြားလာအောင် ဆောင်ရွက်ခြင်း၊ ခရီးသွားဧည့်သည်များအတွက် လုံခြုံပြီး ဆွဲဆောင်နိုင်မှုရှိတဲ့နေရာတွေနဲ့ အဆင့်မီအပန်းဖြေနေရာတွေ၊ တည်းခိုနေရာတွေ၊ လွယ်ကူကောင်းမွန်တဲ့ သယ်ယူပို့ဆောင်ရေးစနစ်တွေ၊ ဆက်သွယ်ရေးစနစ်တွေ၊ ပြည်ဝင်ဗီဇာစနစ်တွေကို ဖြည့်ဆည်းဆောင်ရွက်သွားပါမယ်။

နိုင်ငံအတွင်းရှိ တန်ဖိုးမြင့် မြေပေါ်မြေအောက်သယံဇာတပစ္စည်းတွေကာကွယ်ထိန်းသိမ်းရေးနဲ့ နိုင်ငံတော်က တရားဝင်ဈေးကွက်ရရှိရေး အစီအမံတွေချမှတ်ဆောင်ရွက်သွားပါမယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ပတ်သက်ရင် နိုင်ငံတော်က မူအားဖြင့် သဘောတူညီထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒို့တာဝန်အရေးသုံးပါးကိုအခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဖြည့်စွက်ရေးတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စဉ်ဆက်မပြတ်ညှိနှိုင်းလုပ်ဆောင်သွားပါမယ်။

တိုင်းရင်းသားရေးရာကဏ္ဍမှာ တိုင်းရင်းသားတွေရဲ့ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု စတာတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားမြှင့်တင်ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်တင်ခြင်း၊ မတူကွဲပြားခြားနားခြင်းကို အင်အားအဖြစ်တည်ဆောက်ကာ ဤမြေဤရေကို အတူတကွ ပူးပေါင်းပိုင်ဆိုင်သူများအဖြစ်ခံယူပြီး လှပသောအနာဂတ်အတွက် လက်တွဲဆောင်ရွက်ရေးကို အလေးပေးဆောင်ရွက်သွားပါမယ်။

ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကဏ္ဍဟာ အချိန်ယူပြီး တစ်ဆင့်ချင်း တည်ဆောက်သွားရမယ့်လုပ်ငန်းစဉ်ဖြစ်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းနိုင်ရေး၊ အားလုံးပါဝင်နိုင်ရေး စတဲ့ဆောင်ရွက်ဆဲ နိုင်ငံရေးယဉ်ကျေးမှုအတိုင်း တစ်ဆင့်ချင်း ပိုမိုပီပြင်အောင်ဆောင်ရွက်သွားပါမယ်။

မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျား-

ကျွန်တော်တင်ပြလိုသည်များမှာ အများအပြားကျန်ရှိနေပါသေးတယ်။ အခုတင်ပြတဲ့ခေါင်းစဉ်တစ်ခုချင်းဟာလည်း အသေးစိတ်အခြေအနေတွေကို ဖော်ပြနိုင်ခြင်းမရှိသေးပါဘူး။ ကျွန်တော်တို့ပါတီအနေနဲ့ ထိရောက်ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှု၊ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကို ပိုမိုကျယ်ဝန်းကောင်းမွန်လာအောင် လုပ်ဆောင်နိုင်မှုစွမ်းရည်များရှိခဲ့ကြောင်း အတိတ်သမိုင်းကြောင်းက အခိုင်အမာသက်သေပြဆိုခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံ့တာဝန်အမျိုးမျိုးကို ထမ်းဆောင်ခဲ့ဖူးသူတွေလည်း ပါတီမှာ အများအပြားရှိနေဆဲဖြစ်ပါတယ်။

ဒါကြောင့် ခိုင်မာသောဦးဆောင်မှုနဲ့ ကျစ်လျစ်အားကောင်းသောအင်အားကြီးအဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ထောက်ခံအားပေး၊ မဲပေးခြင်းဖြင့် “ပိုမိုခိုင်မာ ပြည်မြန်မာကြီး”ကို အားလုံးဝိုင်းဝန်းတည်ဆောက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့အနာဂတ်အစီအမံတွေကို အကောင်အထည်ဖော်ရာမှာ လုပ်ငန်းစဉ်တွေ အတိအကျရှိပြီးဖြစ်ပါတယ်။ အသေးစိတ်ကျယ်ပြန့်စွာ ဆွေးနွေးလိုသူအားလုံးအတွက် အချိန်အခါမရွေး ဖိတ်ခေါ် ကြိုဆိုလျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို လေးစားကျေးဇူးတင်ရှိပါကြောင်းခင်ဗျား။

[ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ဟောပြောမည့်အစီအစဉ်တွင် ထည့်သွင်းမည့်သီချင်းစာသား
ဟော့ ဟော့ ဟော့ ဟော့ ပြည်ခိုင်ဖြိုး ဟော့
ဟော့ ဟော့ ဟော့ ဟော့ ပြည်ခိုင်ဖြိုး ဟော့
ဟော့ ဟော့ ဟော့ ဟော့ ပြည်ခိုင်ဖြိုး ဟော့
ဟော့ ဟော့ ဟော့ ဟော့ ပြည်ခိုင်ဖြိုး ဟော့
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ပြည်သူတွေလိုအပ်ချက်ကို
ဖြည့်ဆည်းဖို့လာပြီ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ပြည်သူတွေလိုအပ်ချက်ကို
ဖြည့်ဆည်းဖို့လာပြီ ဟော့ ဟော့ ဟော့ ဟော့ ပြည်ခိုင်ဖြိုးဟော့
ဟော့ ဟော့ ဟော့ ဟော့ ပြည်ခိုင်ဖြိုး ဟော့ ]

# အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၁)ဖွင့်လှစ်



**မြိတ် အောက်တိုဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ကန်ဖျားရပ်ကွက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၁) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားပြီး အဆောင်နေ သင်တန်းသူများအတွက် ဆန်ငါးပြည်အိတ် ၃၀ ကိုပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူနှစ်ဦးက လက်ခံရယူသည်။

ထို့နောက် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယခင်အပတ်စဉ်များမှ သင်တန်းဆင်း သင်တန်းသူများ၏ ဒီဇိုင်းလက်ရာများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းသို့ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့မှ သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး ရက်သတ္တ ၂၂ ပတ်ကြာ သင်ထောက်ကူပစ္စည်း အစုံအလင်ဖြင့် စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၁၂)


# မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ရပ်ကွက်/ကျေးရွာများ၌ အောက်တိုဘာလ ၂၈ ရက် နံနက်ပိုင်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရသီရိမြို့နယ် တောင်ညိုနယ်မြေမီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးသန်းလှိုင်၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သောအဖွဲ့သည်တောင်ညိုကျေးရွာအုပ်စု ဆယ်သိန်းကျေးရွာအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးအကြံပေးခြင်း၊ အရေးပေါ်မီးသတ်တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ မီးဖိုအသုံးပြုသည့်နေအိမ်များနှင့် အခြားမီးသုံးစွဲသည့်နေအိမ်များ၌ မီးများစနစ်တကျသုံးစွဲရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များအား လိုက်လံစစ်ဆေး၍ မီးမလောင်ခင်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးလောင်လျှင် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မီးလောင်ပြီးဆောင်ရွက်ရမည့်နည်းလမ်းများကို လှည့်လည်အသိပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**



| MWD Education, Knowledge & Sports Channel | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၃၅ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ – ၁၆:၀၅ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၀၅ – ၁၆:၄၅ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ – ၁၇:၂၀ | Grade – 7 | သမိုင်း၊ သိပ္ပံ |

၂၉-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့်မြို့နယ်များသတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၄၁ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့်မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း ( ၁ )တွင်ပါဝင်သည့် မြို့နယ် ( ၁၀၂ ) မြို့နယ်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် ( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် ) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်သည့်မြို့နယ် (၁၀၀) မြို့နယ်အား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

ပူးတွဲ။ အပိုင်း ( ၂ ) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပူးတွဲ**

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**အပိုင်း ( ၂ ) တွင် ပါဝင်သည့် မြို့နယ်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကချင် | ၁။ | မချမ်းဘော | |
| | | ၂။ | မိုးကောင်း | |
| | | ၃။ | ဝိုင်းမော် | |
| ၂ | ကယား | ၁။ | ဒီးမော့ဆို | |
| | | ၂။ | ဖရူဆို | |
| ၃ | ကရင် | ၁။ | ဖာပွန် | |
| | | ၂။ | လှိုင်းဘွဲ့ | |
| ၄ | စစ်ကိုင်း | ၁။ | ကလေးဝ | |
| | | ၂။ | မင်းကင်း | |
| | | ၃။ | ဝန်းသို | |
| | | ၄။ | ကျွန်းလှ | |
| | | ၅။ | မြင်းမူ | |
| | | ၆။ | ချောင်းဦး | |
| | | ၇။ | ဘုတလင် | |
| | | ၈။ | အရာတော် | |
| | | ၉။ | ဖောင်းပြင် | |
| | | ၁၀။ | မော်လိုက် | |
| | | ၁၁။ | ရေဦး | |
| ၅ | တနင်္သာရီ | ၁။ | ရေဖြူ | |
| | | ၂။ | ကျွန်းစု | |
| | | ၃။ | တနင်္သာရီ | |
| ၆ | ပဲခူး | ၁။ | ဒိုက်ဦး | |
| | | ၂။ | ရွှေကျင် | |
| | | ၃။ | ထန်းတပင် | |
| | | ၄။ | ရေတာရှည် | |
| | | ၅။ | ဇီးကုန်း | |
| | | ၆။ | ပေါင်းတည် | |
| | | ၇။ | ကဝ | |
| | | ၈။ | သနပ်ပင် | |
| | | ၉။ | ပေါက်ခေါင်း | |
| | | ၁၀။ | ပန်းတောင်း | |
| | | ၁၁။ | မိုးညို | |
| | | ၁၂။ | မင်းလှ | |
| ၇ | မကွေး | ၁။ | ဂန့်ဂေါ | |
| | | ၂။ | ဆိပ်ဖြူ | |
| | | ၃။ | နတ်မောက် | |
| | | ၄။ | မြို့သစ် | |
| | | ၅။ | ငဖဲ | |
| | | ၆။ | စလင်း | |
| | | ၇။ | စေတုတ္တရာ | |
| | | ၈။ | ကံမ | |
| | | ၉။ | မင်းတုန်း | |
| | | ၁၀။ | မင်းလှ | |
| | | ၁၁။ | ဆင်ပေါင်ဝဲ | |
| ၈ | မန္တလေး | ၁။ | စဉ့်ကိုင် | |
| | | ၂။ | ကျောက်ပန်းတောင်း | |
| | | ၃။ | တံတားဦး | |
| | | ၄။ | ပြည်ကြီးတံခွန် | |
| | | ၅။ | မဟာအောင်မြေ | |
| | | ၆။ | ဝမ်းတွင်း | |
| | | ၇။ | သာစည် | |
| | | ၈။ | အမရပူရ | |
| | | ၉။ | မတ္တရာ | |
| ၉ | မွန် | ၁။ | ဘီးလင်း | |
| | | ၂။ | မုဒုံ | |
| | | ၃။ | သံဖြူဇရပ် | |
| | | ၄။ | ရေး | |
| | | ၅။ | ပေါင် | |
| ၁၀ | ရန်ကုန် | ၁။ | ဗဟန်း | |
| | | ၂။ | ပန်းဘဲတန်း | |
| | | ၃။ | လသာ | |
| | | ၄။ | ကော့မှူး | |
| | | ၅။ | ကွမ်းခြံကုန်း | |
| | | ၆။ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | |
| | | ၇။ | ဒေါပုံ | |
| | | ၈။ | ပုဇွန်တောင် | |
| | | ၉။ | လှိုင် | |
| | | ၁၀။ | ရွှေပြည်သာ | |
| | | ၁၁။ | ထန်းတပင် | |
| | | ၁၂။ | လှည်းကူး | |
| | | ၁၃။ | တောင်ဥက္ကလာပ | |
| | | ၁၄။ | ကိုကိုးကျွန်း | |
| | | ၁၅။ | ကြည့်မြင်တိုင် | |
| | | ၁၆။ | အင်းစိန် | |
| ၁၁ | ရှမ်း | ၁။ | ရွာငံ | |
| | | ၂။ | ဆီဆိုင် | |
| | | ၃။ | ကလော | |
| | | ၄။ | မိုင်းခတ် | |
| | | ၅။ | မိုင်းပျဉ်း | |
| | | ၆။ | မိုင်းဖြတ် | |
| | | ၇။ | ရပ်စောက် | |
| | | ၈။ | တန့်ယန်း | |
| | | ၉။ | မိုင်းရယ် | |
| | | ၁၀။ | ကွန်ဟိန်း | |
| | | ၁၁။ | မိုင်းတုံ | |
| | | ၁၂။ | မိုင်းယောင်း | |
| | | ၁၃။ | မိုင်းယန်း | |
| | | ၁၄။ | မိုင်းပန် | |
| | | ၁၅။ | မောက်မယ် | |
| | | ၁၆။ | မိုင်းကိုင် | |
| | | ၁၇။ | လဲချား | |
| ၁၂ | ဧရာဝတီ | ၁။ | ကျောင်းကုန်း | |
| | | ၂။ | ကန်ကြီးထောင့် | |
| | | ၃။ | သာပေါင်း | |
| | | ၄။ | ကျိုက်လတ် | |
| | | ၅။ | ဖျာပုံ | |
| | | ၆။ | ဘိုကလေး | |
| | | ၇။ | ပန်းတနော် | |
| | | ၈။ | ဝါးခယ်မ | |
| | | ၉။ | အိမ်မဲ | |

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်းလိုက်နေ့ရက်များတွင် ပြည်တွင်းနှင့်နိုင်ငံတကာသတင်းမီဒီယာများ သတင်းရယူခွင့်ရှိကြောင်း အသိပေးကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို သတင်းရယူလိုသည့် သတင်းမီဒီယာများအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်များနှင့်အညီ လွတ်လပ်စွာသတင်းရယူခွင့်ရှိပါသည်။

၂။ သတင်းရယူလိုသည့်ပြည်တွင်းမီဒီယာများကို အထွေထွေရွေးကောက်ပွဲကျင်းပမည့် ခရိုင်တစ်ခုချင်းစီ အတွင်းရှိ သက်ဆိုင်ရာမြို့နယ်များတွင် မီဒီယာတစ်ခုလျှင် (၄) ဦးနှုန်းဖြင့် သတင်းရယူခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ သတင်းမီဒီယာသမားများသည် ရွေးကောက်ပွဲနေ့ သတင်းရယူခွင့်သက်သေခံကတ်ပြားများ လျှောက်ထားရာတွင် -

(က) ပြည်တွင်းသတင်းမီဒီယာသမားများသည် မိမိကိုယ်စားပြုသည့်ပြည်တွင်းသတင်းမီဒီယာ အဖွဲ့အစည်းမှ ရွေးကောက်ပွဲသတင်းရယူရန် တာဝန်ပေးစေလွှတ်ထားသူဖြစ်ကြောင်း အထောက်အထားစာကိုတင်ပြ၍ သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ တွင် လျှောက်ထားရမည်၊

(ခ) ပြည်တွင်းပုဂ္ဂလိကသတင်းမီဒီယာသမားများသည် ကိုယ်တိုင်ရေးလျှောက်လွှာတွင် မိမိနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့်ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်း၏ ထောက်ခံချက် စာကိုတင်ပြ၍ သက်ဆိုင်ရာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။ ခရိုင်တစ်ခုထက်ပို၍ သတင်းရယူလိုပါက သတင်းရယူလိုသည့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများထံတွင် ထပ်မံလျှောက်ထားရမည်၊

(ဂ) နိုင်ငံတကာသတင်းမီဒီယာများသည် ပြန်ကြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက စိစစ်ထောက်ခံပေးသည့် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကိုသာခွင့်ပြု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုကတ်ပြား များထုတ်ပေးသွားမည်ဖြစ်ပါသည်။

၄။ သတင်းမီဒီယာသမားများသည် အပိုင်းလိုက်ကျင်းပမည့် ရွေးကောက်ပွဲနေ့ရက်များအတွက် သတင်း ရယူခွင့်သက်သေခံကတ်ပြားများလျှောက်ထားခြင်းကို ၁၂-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ဆောင်ရွက်နိုင် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တတိယအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်မိန့်ခွန်းပြောကြား



နေပြည်တော် အောက်တိုဘာ ၂၈

ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်၏ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ အောက်တိုဘာလ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည့် တတိယအကြိမ် ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ မြန်မာ၊ ဟန်ဂေရီ၊ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ဥဇဘက်ကစ္စတန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ကမ္ဘောဒီးယား၊ တာဂျစ်ကစ္စတန်၊ အီရန်၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်း ခုနစ်ခုတို့မှ ဝန်ကြီးများ၊ သံတမန်များနှင့် နိုင်ငံတကာသုတေသီများ တက်ရောက်ခဲ့ကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားတွင်ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် ညီလာခံသို့တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် Collective Security Treaty Organization (CSTO)၊ Shanghai Cooperation Organization (SCO)၊ Conference on Interaction and Confidence – Building Measures in Asia (CICA) နှင့် Commonwealth on Independence States (CIS) အဖွဲ့အစည်းများမှ အတွင်းရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များက မိန့်ခွန်းပြောကြားကြသည်။

ဘယ်လာရုစ်နိုင်ငံသမ္မတက ပြောကြားရာတွင် တတိယအကြိမ် ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာအဆင့်မြင့်ညီလာခံမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုထင်ပေါ်ကျော်ကြားလာပြီး နှစ်စဉ် နိုင်ငံတကာအစီအစဉ်များတွင် နေရာယူထားလျက်ရှိကြောင်း၊ မတူကွဲပြားသည့် လုံခြုံရေးမူဝါဒကို လျစ်လျူရှုခြင်းမှာ အမှားတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ပဋိပက္ခများ မလျော့ပါးသွားခြင်း အဓိကအကြောင်းရင်းမှာ မတူကွဲပြားသည့်လုံခြုံရေးမူဝါဒကို စဉ်ဆက်မပြတ် လျစ်လျူရှုထား၍ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကို အခြားနိုင်ငံတစ်နိုင်ငံ၏ အခြေအနေကိုအသုံးချလျက် တည်ဆောက်ခြင်းမှာ အမှားတစ်ရပ်ဖြစ်သည် ဆိုသည့်အချက်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြောကြားရာတွင် ကမ္ဘာကြီးသည် နိုင်ငံစုံဗဟုဝင်ရိုးပုံစံသို့ ပြောင်းလဲလျက်ရှိပြီး အာရှ၊ အာဖရိက၊ ယူရေးရှားဒေသမှ နိုင်ငံများက ကမ္ဘာ့အစီအစဉ်ကို ပိုမိုတက်ကြွစွာ ပုံဖော်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိုကဲ့သို့ ပြောင်းလဲပုံဖော်မှုများသည် အပြန်အလှန်လေးစားပြီး သာတူညီမျှမှုကိုအခြေခံသည့် ရေရှည်တည်တံ့သော ကမ္ဘာ့စနစ်ကို တည်ဆောက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် အခွင့်အလမ်းကောင်းအဖြစ် ရှုမြင်ကြောင်း၊ ယခုကမ္ဘာ့ပုံစံသစ်မှာ မြန်မာနိုင်ငံခြားရေးမူဝါဒဖြစ်သည့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောမူဝါဒ၊ အပြန်အလှန်လေးစားမှုနှင့် ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်နှင့်ကိုက်ညီကြောင်း၊ အချင်းချင်းအပြန်အလှန် မှီခိုတည်မှီနေသည့် ကမ္ဘာပေါ်တွင် လုံခြုံရေးကိစ္စရပ်သည်လည်း နိုင်ငံများ၏နယ်နိမိတ်ကိုကျော်လွန်ဖြစ်ပေါ်နေသည့် ကိစ္စရပ်ဖြစ်ကြောင်း၊ လက်ရှိ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်၌ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် စိန်ခေါ်မှုများသည် သမားရိုးကျ လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအပြင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများလည်း ပေါ်ပေါက်လာနေကြောင်း၊ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများသည်လည်း သမားရိုးကျကဲ့သို့ပင် အရေးကြီးလာကြောင်း၊ နယ်စပ်ဖြတ်ကျော် အကြမ်းဖက်မှုများ၏ အရင်းခံသည် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများမှ ဆင်းသက်လာသည်ကို တွေ့မြင်နိုင်ကြောင်း။

ရွှေတြိဂံဒေသရှိ တရားမဝင်မူးယစ်ဆေးဝါးလုပ်ငန်းများသည် မြန်မာနိုင်ငံအပါအဝင်ဒေသတွင်းတစ်ခုလုံးရင်ဆိုင်နေရသည့် အဓိက စိန်ခေါ်မှုများမှတစ်ရပ်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း နိုင်ငံတကာရာဇဝတ်ဂိုဏ်းများက ထိန်းချုပ်ဆောင်ရွက်နေသည့် အွန်လိုင်းလိမ်လည်မှုများသည် တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထားသည့် နယ်စပ်ဒေသများသို့ ရောက်ရှိလာကြောင်း၊ အွန်လိုင်းလိမ်လည်မှုလုပ်ဆောင်သည့်ကွန်ရက်ကို တိုက်ဖျက်ရန် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့မြန်မာနိုင်ငံအစိုးရအနေဖြင့် နှစ်နှစ်အတွင်း အွန်လိုင်းလိမ်လည်မှုတွင် ပါဝင်ခဲ့သည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား ၆၇၇၅၁ ဦးအား ထိန်းသိမ်းခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ယခုကဲ့သို့အခြေအနေတွင် မင့်စ်နိုင်ငံတကာအဆင့်မြင့် ညီလာခံသည် ယူရေးရှားဒေသများမှ နိုင်ငံများအကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် ဆွေးနွေးတိုင်ပင်ရန်တို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဆွေးနွေးပွဲ စကြံတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မတူကွဲပြားမှုနှင့် နိုင်ငံစုံဗဟုဝင်ရိုးဆိုင်ရာ ယူရေးရှားပဋိညာဉ်နှင့်ပတ်သက်သည့် အတွေးအခေါ်ကိုကြိုဆိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယူရေးရှားစီးပွားရေးဖိုရမ်နှင့် မင့်စ်နိုင်ငံတကာအဆင့်မြင့် ညီလာခံတို့သို့ ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ထိုသို့ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန် နားလည်မှုတည်ဆောက်ရေး၊ ဒေသတွင်းတည်ငြိမ်မှုရှိစေရေး၊ ယူရေးရှားဒေသတစ်ခွင် ငြိမ်းချမ်းသာယာဝပြောရေး တို့အတွက် ပူးပေါင်းဆောင်ရွက်ရာတွင် အကျိုးပြုနိုင်ရန်ရည်ရွယ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း၊ အာဆီယံ၊ ဘင်းမ်စတက်နှင့် အခြားဒေသတွင်း အဖွဲ့အစည်းများမှတစ်ဆင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအခြေအနေနှင့်ကိုက်ညီသည့် ရည်မှန်းချက်များကို အကောင်အထည်ဖော်လျက်ရှိပြီး ဒီဇင်ဘာလ ၂၈ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်လျက်ရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကိုလည်း ဆွေးနွေးမှုများနှင့် ညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယူရေးရှားဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ပံ့ပိုးသွားရန် အဆင်သင့်ရှိကြောင်း ပြောကြားသည်။

ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာအဆင့်မြင့်ညီလာခံကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ယခုနှစ်တွင် “Global (Dis)Order and the Eurasian Security Puzzle” Theme ဖြင့် တတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။

ထို့ပြင် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသည် ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာတည်ငြိမ်ရေးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးနိုင်သော အပြည်ပြည်ဆိုင်ရာစကြံများအနက် တစ်ခုဖြစ်ကြောင်းသိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၀-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၈၀ | ၂၇၅၀ | ၂၆၈၅ | ၂၇၉၀ | ၂၈၀၅ | ၂၈၂၀ | ၂၇၄၀ | ၄၅၀၅ | ၃၀၃၅ | ၂၇၅၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၉၅ | ၂၈၁၅ | ၃၀၇၀ |
| 95 Ron | ၂၇၆၀ | ၂၈၇၅ | ၂၈၄၀ | ၂၇၇၅ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | ၄၅၆၀ | ၃၁၂၅ | ၂၈၅၀ | ၂၉၀၀ | ၂၉၂၀ | ၂၈၈၅ | ၂၉၀၅ | ၃၁၆၅ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၉၅ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၅ | ၂၄၆၅ | ၃၀၅၀ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၅ |
| HSD (50 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၈၃၀ | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |
| HSD (10 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | - | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၅၉၈ | ၂၆၈၄ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၇၃၂ | ၂၈၁၆ |
| HSD (10 ppm) | ၂၇၃၂ | ၂၈၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ကိုယ်ကိုယ်တိုင်က တံတားဆောက် လမ်းဖောက်တာမျိုးမလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထလမ်းဖောက်သူ ပြည်သူများအား သတ်ဖြတ်နေသည့်အကြမ်းဖက်များ”** ခေါင်းစဉ်ဖြင့် ၂၉-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၅-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“ဘယ်သူတွေဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေအောင်မြင်အောင်လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ရွေးကောက်ပွဲ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**❖ ကျောဖုံးမှအဆက်**

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများအား အသီးသီးဆွေးနွေးတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးတင်ပြကြရာတွင် ဒေသအလိုက် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှု၊ စိုက်ဧက၊ အထွက်နှုန်းများနှင့်ပတ်သက်၍ နှစ်အလိုက် နှိုင်းယှဉ်တွေ့ရှိချက်များ၊ စပါးသီးနှံနှင့် ချည်မျှင်ရှည်ဝါအထွက်နှုန်းများ၏ဖြစ်နိုင်ခြေဆန်းစစ်ချက်များ၊ ဒေသအလိုက် မြေနိမ့်ကော်ဖီဖြစ်ထွန်းအောင်မြင်မှုနှင့် တိုးချဲ့စိုက်ပျိုးနိုင်မှု၊ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် လူဦးရေအရ အသား၊ ငါးနှင့်ဥအမျိုးမျိုး ဖူလုံမှု၊ ရေနက်ကွင်းဧရိယာများကို ငါးကန်တူးဖော်ပြီး သီးနှံစိုက်ပျိုးမြေဖော်ထုတ်၍ သီးနှံစိုက်ပျိုးခြင်းနှင့် ငါးမွေးမြူခြင်းကို ယှဉ်တွဲဆောင်ရွက်နိုင်မှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုတင်ပြချက်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သွင်းအားစုများကို တောင်သူများ၏ လက်ဝယ်အရောက်ပေးအပ်ပြီး အသိပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန်လိုအပ်မှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့အရင်းအမြစ်များအား နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် စနစ်တကျဖော်ထုတ်အသုံးပြုနိုင်ရန်လိုအပ်မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများခွင့်ပြုပေးခဲ့မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့မှုနှင့်ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် တိုက်ဖျက်ဆောင်ရွက်လျက်ရှိမှုနှင့် ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၌လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုအပ်မှု၊ လျာထားလုပ်ငန်းများအတွက် သာမန်ငွေလုံးငွေရင်းအသုံးစရိတ်များကိုခွင့်ပြုပေးခဲ့မှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများအပေါ် စိစစ်တင်ပြချက်များ၊ လုပ်ငန်းရပ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဆွေးနွေးတင်ပြကြရာတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်အဆောက်အဦများအား ပြုပြင်ဆောင်ရွက်လျက်ရှိမှုနှင့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့်အငယ်စား MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စေရေးအတွက် ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြသည်။

**ဘဏ္ဍာငွေသုံးစွဲမှုများ မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိဖြစ်စေရေး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးမှာကြားရာတွင် ဘဏ္ဍာငွေသုံးစွဲမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့် နိုင်ငံတော်မှ ခွင့်ပြုပေးထားသည့် ဘဏ္ဍာငွေများကို အကျိုးရှိရှိ အသုံးပြုသွားရန်လိုကြောင်း၊ လုပ်ငန်းရပ်များအလိုက် ငွေကြေးသုံးစွဲမှုများကိုဆောင်ရွက်သွားမည်ဆိုပါက လည်ပတ်သုံးစွဲငွေမြင့်တက်လာပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် အခြေခံလူတန်းစားများအနေဖြင့် တစ်ဦးချင်းဝင်ငွေတိုးပွားလာမည်ဖြစ်ပြီး စားရေး၊ ဝတ်ရေးတို့တွင် သုံးစွဲငွေများမြင့်တက်လာမည်ဖြစ်ကာ လူမှုစီးပွားများသည်လည်း တိုးတက်မြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငွေကြေးလည်ပတ်မှုများ ပိုမိုဖြစ်ပေါ်လာစေပြီး ဝယ်လိုအားနှင့်ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အဦများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေသုံးစွဲမှုများကို မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိအသုံးချဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် ခွင့်ပြုငွေများအလိုက် အချိန်တိုအတွင်း၌ နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် (Quick Win) လုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် နည်းလမ်းမျိုးစုံဖြင့် မဲမသမာမှုများပြုလုပ်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကိုယူခဲ့ရသည့်အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်မှုမရှိစေရေး Myanmar Electronic Voting Machine(MEVM)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (MEVM) စက်များသည် မဲမသမာမှု မည်ကဲ့သို့မျှ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ **မှန်ကန်သည့်ရွေးကောက်ပွဲ၊ မဲမသမာမှုမရှိသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး မဲစာရင်းများမှန်ကန်မှုရှိရေးသည် အဓိကကျ**ကြောင်း၊ ထို့ကြောင့် **ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မဲစာရင်းများပြုစုရာတွင် အမှားအယွင်းမရှိစေရေး၊ မဲမသမာမှုများမရှိစေရေး အလေးထားဆောင်ရွက်သွားရန်လို**ကြောင်း၊ ယနေ့မှစ၍ မဲဆွယ်စည်းရုံးမှုကာလစတင်မည်ဖြစ်ပြီး ပါတီများအလိုက် မဲဆွယ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ကြတော့မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးပြီး တည်ငြိမ်သည့်အစိုးရတစ်ရပ်ထွက်ပေါ်လာစေရေး မျှော်မှန်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးနှင့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံ့စီးပွားမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏တစ်ဝက်ကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများကို အလေးပေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကရင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ချီးမြှင့်ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လက်ခံရယူစဉ်။

**❖ မှန်ကန်သည့်ရွေးကောက်ပွဲ၊ မဲမသမာမှုမရှိသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး မဲစာရင်းများမှန်ကန်မှုရှိရေးသည် အဓိကကျ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မဲစာရင်းများပြုစုရာတွင် အမှားအယွင်းမရှိစေရေး၊ မဲမသမာမှုများမရှိစေရေး အလေးထားဆောင်ရွက်သွားရန်လို . . .**

**❖ အချို့သောစိုက်ပျိုးရေးလုပ်ငန်းများမှရရှိသည့် စက်မှုကုန်ကြမ်းထွက်ကုန်များဖြင့်** MSME **လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းကြီးများကိုလည်း လုပ်ဆောင်နိုင်၊ ဥပမာအားဖြင့် ရော်ဘာစိုက်ပျိုးမှုမှအစပြုသည့် တာယာထုတ်လုပ်ခြင်းကဲ့သို့သော ကုန်ထုတ်စက်မှုလုပ်ငန်းကြီးများ၊ ဝါစိုက်ပျိုးမှုမှအစပြုသည့် ချည်မျှင်နှင့်အထည်အလိပ်ထုတ်လုပ်ခြင်းကဲ့သို့သောစက်မှုလုပ်ငန်းကြီးများကို ဆောင်ရွက်နိုင်မည်ဖြစ်၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ် . . .**

# မြန်မာနေရှင်နယ်လိဂ်(၂)ပြိုင်ပွဲတွင် Glory Goal အသင်းက YB ယူနိုက်တက်အသင်းကို ဂိုးပြတ်နိုင်

ရန်ကုန် အောက်တိုဘာ ၂၈

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ်(၂)ပြိုင်ပွဲ ပွဲစဉ်(၇) ပြိုင်ပွဲတစ်ခုဖြစ်သည့် YB ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားကြရာ Glory Goal အသင်းက ၁၀ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားသည်။

ယနေ့ပြိုင်ပွဲတွင် ပွဲစသည်နှင့် Glory Goal အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးယူ၍ ပြိုင်ဘက်ဂိုးဧရိယာအတွင်း ဝင်ရောက်ထိုးဖောက်ကစားခဲ့သော်လည်း YB ယူနိုက်တက်အသင်းနောက်ခံလူများ၏ ဟန့်တားကာကွယ်မှုများကြောင့် ၁၅ မိနစ်အထိ ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ပေ။ သို့သော်လည်း အချိန်ကြာလာပြီး တိုက်စစ်အားမကျသည့် Glory Goal အသင်းကို ခံစစ်အားကျလာသည့် YB ယူနိုက်တက်အသင်းက ပွဲကစားချိန် ၁၆ မိနစ်တွင် အောင်ဖြိုးသာ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုး စတင်ခွင့်ပြုလိုက်ရသည်။

ဦးဆောင်ဂိုးရသွားသည်နှင့် Glory Goal အသင်းကစားသမားများ စိတ်ဓာတ်တက်ကြွပြီး ကစားပုံ ပိုကောင်းလာသည်။ အမြင့်ကန်ဘောများလည်း ထိရောက်မှုပိုလာသည်။ YB ယူနိုက်တက်အသင်း ချေပဂိုး ရရန်ကြိုးစားကြသော်လည်း Glory Goal အသင်းကပင် ပွဲကစားချိန် ၂၃ မိနစ်တွင် ဟိန်းထက်အောင်က ဒုတိယဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သည်။

ပွဲကစားချိန် ၃၇ မိနစ်နှင့် ၃၉ မိနစ်တွင် Messomo က တတိယဂိုးနှင့် စတုတ္ထဂိုးကို ဆက်တိုက်သွင်းယူပေးခဲ့သည်။ ပထမပိုင်း ပွဲကစားချိန်ပြီး၍ နာကျင်အချိန်ပိုတွင် သိန်းတိုးအောင်က Glory Goal အသင်းအတွက် ပဉ္စမမြောက်ဂိုးကို သွင်းယူခဲ့သည်။

ဒုတိယပိုင်းပြန်စရာတွင်လည်း Glory Goal အသင်း၏ တိုက်စစ်ကိုမယှဉ်နိုင်၍ ပွဲကစားချိန် ၄၇ မိနစ်တွင် PEJGI ကလည်းကောင်း၊ ပွဲကစားချိန် ၆၁ မိနစ်၊ မိနစ် ၇၀ နှင့် ၈၇ မိနစ်တို့တွင် Messomo ကလည်းကောင်း၊ ပွဲကစားချိန် ၈၂ မိနစ်တွင် သက်ဝေယံဦးက လည်းကောင်း အသီးသီးဂိုးသွင်းယူခဲ့ကြ၍ ပြိုင်ပွဲအပြီးတွင် Glory Goal အသင်းက YB ယူနိုက်တက်အသင်းကို ၁၀ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

**ဝန်းရံခ**

❖ **စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်၊ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ် . . .**

❖ **တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လူဦးရေ ၁ သိန်းကျော်ခန့် နေထိုင်လျက်ရှိသည့် မြို့များ၌ ပြည်သူလူထုကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍမြှင့်တင်ရေးအတွက် အဆင့်မီအားကစားကွင်းများ ဆောက်လုပ်ပေးသွားမည်ဖြစ် . . .**

❖ **နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်သည်မှန်သမျှကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

ဆောင်ရွက်လျက်ရှိကြောင်း၊ **အချို့သောစိုက်ပျိုးရေးလုပ်ငန်းများမှရရှိသည့် စက်မှုကုန်ကြမ်းထွက်ကုန်များဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းကြီးများကိုလည်း လုပ်ဆောင်နိုင်**ကြောင်း၊ **ဥပမာအားဖြင့် ရော်ဘာစိုက်ပျိုးမှုမှအစပြုသည့် တာယာထုတ်လုပ်ခြင်းကဲ့သို့သော ကုန်ထုတ်စက်မှုလုပ်ငန်းကြီးများ၊ ဝါစိုက်ပျိုးမှုမှအစပြုသည့် ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်းကဲ့သို့သော စက်မှုလုပ်ငန်းကြီးများကို ဆောင်ရွက်နိုင်မည်ဖြစ်**ကြောင်း၊ **ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့်အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ဆန်သီးနှံအပါအဝင် အခြားသီးနှံများကို အရည်အသွေးမြင့်စွာဖြင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ဆောင်ရွက်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်တွင်းဆီလိုအပ်ချက်ရှိခြင်းကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်လျက်ရှိသော်လည်း ပြည်ပမှစားသုံးဆီများကိုတင်သွင်းနေရဆဲဖြစ်ကြောင်း၊ ဆီထွက်သီးနှံ နှမ်းနှင့် မြေပဲစိုက်ပျိုးမှုများရှိသော်လည်း မိရိုးဖလာစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများကြောင့် ပြည်တွင်းဆီဖူလုံမှုအတွက် လိုအပ်ချက်များရှိနေသေးကြောင်း၊ နေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုစေမည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ကော်ဖီသည် နှစ်ရှည်သီးနှံဖြစ်ပြီး မိမိတို့နိုင်ငံမှထွက်ရှိသည့် အာရေဗီကားကော်ဖီသည် ကမ္ဘာ့ပေါ်တွင် နာမည်ကောင်းရရှိပြီးဖြစ်ပြီး ဈေးကွက်ရရှိပြီးဖြစ်ကြောင်း၊ မြေနိမ့်ကော်ဖီ ရိုဘက်စတာကိုလည်း နိုင်ငံအနှံ့စိုက်ပျိုးနိုင်ကြောင်း၊ ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ နှစ်ရှည်ဝင်ငွေရသည့် သီးနှံအဖြစ် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ငရုတ်ကောင်းကဲ့သို့ ဥယျာဉ်သီးနှံများကိုလည်း စိုက်ပျိုး၍ရရှိနိုင်ကြောင်း၊ စိုက်ပျိုးတောင်သူများကိုလည်း လိုအပ်သည့် အသိပညာပေးမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း မိမိတို့ဒေသအလိုက် ပိုင်ဆိုင်ထားသည့်အရင်းအမြစ်များကို ကောင်းမွန်အကျိုးရှိစွာအသုံးချနိုင်ရေး လေ့လာဆန်းစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်နှင့် ဒေသအတွက် အကျိုးရှိနိုင်မည့်လုပ်ငန်းရပ်များကိုဆောင်ရွက်သွားနိုင်ရေး ရှုထောင့်ပေါင်းစုံမှကြည့်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများလိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ အသက် ၂၅ နှစ်အထက် လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် ပညာရေးအားနည်းသဖြင့် ပညာရေးကိုအလေးပေးမြှင့်တင်ဆောင်ရွက်သွားရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာရေးအားကောင်းလာမှသာလျှင် လူသားအရင်းအမြစ်ကောင်းများကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ များစွာရှိကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယခုအချိန်အထိကာလအတွင်း၌ပင် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ပြီး အောင်မြင်ခြင်းမရှိခဲ့သူ လူဦးရေ ၅ သန်းခန့်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်အတွက် မည်ကဲ့သို့ အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာနှင့် နည်းပညာကိုပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ပြီး အကျိုးရလဒ်များကို တွေ့မြင်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကိုကြည့်၍ စီမံဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်းရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင်အထက်တန်းကျောင်းများကိုဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် အောင်မြင်မှုများ အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများမွေးထုတ်ပေးနိုင်ရန် မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၌လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ရေးနှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ပြည်သူလူထုနှင့် သက်ဆိုင်သည့်နေရာများ၊ အားကစားကွင်းများ အဆင့်မီမီဖြစ်ပေါ်လာစေရေး**

မြို့သာယာလှပရေးနှင့် ပတ်သက်၍ မြို့ပြတိုးချဲ့တည်ဆောက်မှုစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မြို့ကွက်များတိုးချဲ့ဆောင်ရွက်ခြင်းအတွက် ရေ၊ မီး၊ လမ်းနှင့် အခြေခံအဆောက်အဦစသည်ဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးရကြောင်း၊ ထို့ကြောင့် အချို့နေရာများတွင် မြေနေရာကို တန်ဖိုးရှိစွာအသုံးချနိုင်ရေး၊ အဆင့်မီအိမ်ရာ၊ တိုက်ခန်းများ ဆောက်လုပ်ပေးခြင်းဖြင့် မြို့ပြအဆင့်အတန်းမြှင့်တင်ခြင်းက ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း၊ မြို့ကွက်သစ်များ ဖော်ဆောင်ထားသည်နှင့်အညီ အမှန်တကယ်အဆောက်အဦများနှင့် နေထိုင်သူများ ဖြစ်ပေါ်လာရန်လည်းလိုကြောင်း၊ မြို့သာယာလှပရေးနှင့်ပတ်သက်၍ ချမှတ်ထားသည့် စည်ပင်သာယာစည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်ရန်လိုပြီး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ စည်ပင်သာယာရေးဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတို့ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်သည်များကို တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားရန် လိုအပ်ကြောင်း။

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်မှုနှင့်အတူ မြို့နေပြည်သူလူထုတို့အတွက် အပန်းဖြေအနားယူရန်နေရာများ၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့်နေရာများကိုလည်း ဖော်ဆောင်ပေးသွားရန်လိုကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များအလိုက်၌လည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်မည့်နေရာများ၊ အားကစားပွဲများ ကျင်းပနိုင်မည့်နေရာများကိုလည်း ဖော်ဆောင်ပေးထားရမည်ဖြစ်ကြောင်း၊ ထို့ပြင် အခြေခံပညာကျောင်းများ၌လည်း သင့်လျော်သည့် အားကစားကွင်းများရှိစေရေး၊ စာသင်ကျောင်းနှင့်ကိုက်ညီသည့် အခြေခံအဆောက်အဦများ ပြည့်မီမှုရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက်ရှိ လူဦးရေနေထိုင်မှုများပြားသည့် မြို့နယ်များ၌ မီတာ ၄၀၀ ပြေးလမ်းပါ အားကစားကွင်းများကို မိမိတို့အနေဖြင့် ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် မိုးလုံလေလုံအားကစားရုံများ၊ မိုးလုံလေလုံရေကူးကန်များကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အနေဖြင့် ပိုင်ဆိုင်ထားပြီးဖြစ်သည့် အားကစားကွင်းများကို ပျက်စီးမှုမရှိစေရေးနှင့် အဆင့်မီမီကစားနိုင်ရေး ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ လိုအပ်နေသည့်အားကစားကွင်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ တင်ပြတောင်းခံသွားရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ပြည်နယ်များအလိုက်လူဦးရေ ၁ သိန်းကျော်ခန့်နေထိုင်လျက်ရှိသည့် မြို့များ၌ ပြည်သူလူထု ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍမြှင့်တင်ရေးအတွက် အဆင့်မီအားကစားကွင်းများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဦးဆောင်အုပ်ချုပ်ရသည့် ပြည်နယ်နှင့် ဒေသများကို ကိုယ်စားပြုခြင်းဖြစ်ပြီး မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲမပြတ်စဉ်းစားဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍနှင့် ဆက်စပ်၍ လာမည့် ဒီဇင်ဘာလသည် အားကစားလဖြစ်ပြီး လူထုအားကစားပွဲများ၊ လူထုလမ်းလျှောက်ပွဲများတွင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်မှုရှိစေရေးဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်စေနိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်ပြီး မိမိတို့တာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်သည်မှန်သမျှကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကရင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကိုပေးအပ်ချီးမြှင့်ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးဧက ၅၀၀ ကျော်စိုက်ပျိုးပြီးစီး

ပွင့်ဖြူ အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးဧက ၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်ပဲကြီး ၃၇၄၄ ဧကစိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီရေးအတွက် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ပဲကြီးဧက ၅၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ပဲကြီး ၃၇၄၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ပဲကြီးကို အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးပြီး လက်ရှိမှာ ဧက ၅၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေက ပဲကြီးဈေးကောင်းရရှိတာကြောင့် မိုးရာသီနဲ့ ဆောင်းရာသီမှာ အားထားစိုက်ပျိုးကြတယ်။ ပဲကြီးစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး ပန်းတိုင်အထွက်နှုန်းနဲ့ သီးနှံအရည်အသွေးကောင်းမွန်စေဖို့ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးတာ၊ GAP စနစ်နဲ့စိုက်ပျိုးတာ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ဖို့ သဘာဝပိုးသတ်ဆေးထုတ်လုပ်အသုံးပြုတာ စတဲ့လုပ်ငန်းတွေကို အဓိကထားဆောင်ရွက်ဖို့ တောင်သူတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေအနေနဲ့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးနှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးအတွက် ပဲကြီးအပါအဝင် မတ်ပဲ၊ စားတော်ပဲ၊ ပဲကျား၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲနောက်၊ ပဲယဉ်း၊ ထောပတ်ပဲ၊ ပဲပုပ်နှင့် တခြားပဲ စုစုပေါင်း ၇၂၅၆၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကာ သီးနှံအလိုက် သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the Financial Commission Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing addresses Financial Commission meeting

## Materialize activities that benefit people by effectively and wisely using the approved funds within the fixed period



Chairman of the Financial Commission Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing addresses Financial Commission meeting.

NAY PYI TAW October 28

The Financial Commission held a meeting in Nay Pyi Taw this morning, addressed by Chairman of the Commission Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing.

Also present were Commission Vice Chairman SSPC member Prime Minister U Nyo Saw, union ministers, the union auditor-general, the Nay Pyi Taw Council chair, region/state chief ministers, and officials.

In his keynote address, the Senior General said at this meeting the Financial Commission will have to approve the supplemental budget requests of the Union and regions and states for fiscal year 2025-2026. After the completion of the approval process, the submission of supplemental budget appropriation bill for FY 2025-2026 of the Union to the National Defence and Security Council for approval through the government will follow.

The approval for supplemental budget appropriation will be mainly centred on restoration of buildings such as offices, schools, hospitals destroyed by the Mandalay earthquake and rehabilitation activities, and national development and public welfare activities that cover infrastructure including roads, bridges, schools and hospitals. In facilitating the work of restoring and rehabilitating the infrastructure damaged by earthquake for its earliest completion, the time supplemental fund will be received and the volume of work must be taken into account.

Of the appropriated budget for union level organizations and union ministries to restore or rebuild quake-damaged infrastructure of the State for FY 2025-2026, the amount of Ks-2069.336 billion returned to general revenue fund (GRF) were already transferred to the National Disaster Management Fund. In order to implement the objects adopted by the government in office, union level organizations and union ministries and region/state governments must set up sector-wised and area-wised priority programs and must systematically use the funds.

In accord with the slogan of NDSC **"Let us encourage production for prosperity of the Nation"** efforts must be made to improve the socio-economic life of the entire nation by increasing the national economic and rural economic growth through the encouragement of promising production and farming industries. In accelerating the national economy for its rapid progress, agriculture that is the main livelihood of the majority of the country's national people and the lifeblood of the national economy must be materialized first. Hence, agriculture-based industries must be further promoted. The government has already allotted sector-wise funds for carrying out national development undertakings and providing support through various means.

Surplus funds appeared due to unavoidable circumstances, and the departments and organizations should return the surplus funds at the earliest time, instead of returning them later at the fiscal year end. Only then will the funds be approved and allotted to the departments that need funds for national development, production development and national economic promotion activities in accord with the financial rules, procedures and directives within the fiscal year. The Financial Commission must discuss and approve the request for appropriation funding for FY 2025-2026 of the union ministries and organizations and additional grants to be supplied by the Union to regions and states and the additional budget appropriation bill.

The Prime Minister then explained the step-by-step verification process of the request for supplemental funds of

See Page - 19

■■ From Page - 18

the Union level departments and organizations and regions and states for FY 2025-2026, provision of additional allowances and further additional allowances for the welfare of civil servants and retired persons, Union provided funds for approved supplemental funds for FY 2025-2026 and for deficit and approved tax shares for regions and states.

Secretary of the Financial Commission Union Minister for Finance and Revenue Dr Kan Zaw clarified matters relating to use of funds from general surplus revenue of the Union for FY 2025-2026, and supplemental fund list, initial budget, amended budget and additional budget appropriation bill of the Union.

Union Minister for Legal Affairs Union Attorney-General Dr Thida Oo presented a report on the Union budget bill for FY 2025-2026, additional Union budget bill for FY 2025-2026, and Union Auditor-General Dr Khin Naing Oo gave suggestions on the facts for future functions according to the findings on the verification of the budgets of union level organizations, ministries and region/state governments.

The Nay Pyi Taw Council chair, region/state chief ministers reported on approved supplemental funds to be used in health, education, transport sectors, and the public requested areas.

Then, the Secretary of the Financial Commission Union Minister for Finance and Revenue reported to the Senior General on operations of the commission including the scrutiny of details capital accounts, normal accounts and measures taken to approve the law for additional spending.

After hearing the reports, the Senior General made supplementary remarks, saying it is necessary to spend funds in tasks that will benefit the country and the people. Union ministers and chief ministers of regions and state are required to make budget spending available actually and to spend them in beneficial tasks.

In seeking additional budgets, it is necessary to seek additional budgets for tasks which will generate most benefits within a short period. Extra funds must be spent on tasks that will benefit the country actually. Therefore, it is essential to implement tasks, which will directly benefit the people such as education, health and transportation, as soon as possible at the places the people called for. Funds of the country must be spent beneficially and systematically. Ministries are urged to supervise any tasks in accordance with rules and regulations.

It is necessary to carry out tasks that will serve the interests of the people, regions and the country. For the upcoming budget year, it is important to seek funds for tasks that can actually be implemented and budget spending must be spent beneficially and effectively within the designated period. If budget spending can be spent correctly and beneficially, it will be beneficial for the country. **Failures to spend budgets and time beneficially will adversely affect the country.** The government has exerted efforts for the interests of the country by facing political crises, hardship, pandemics and natural disasters resiliently. Spending to be approved by the financial commission is valuable in terms of cash and time is also precious. Therefore, **it is necessary to continue to carry out tasks that will benefit the country and to use time, funds and mandates beneficially and correctly.** It is necessary to realize tasks that will benefit the people by spending approved budgets within the designated period beneficially and effectively.

Then, the Senior General made concluding remarks, saying the government must ensure the sustainable development of the agriculture sector, which plays a vital role in the national economy in accordance with the four objectives of the National Defence and Security Council. Concerted efforts must be made for achieving the continual growth of socioeconomic life of the people through the development of Agro-based industries, the development of MSMEs to boost the national economy and to substitute foreign imports and strengthening the sustainable development of the State by giving priority to the advancement of the national education and health sectors.

In additional budgets for the 2025-2026 fiscal year, spending was mainly allocated to repair offices, schools and hospitals damaged by the Mandalay Earthquake and for rehabilitation tasks. Union ministries are required to repay spending for tasks that cannot be carried out due to various reasons in the 2025-2026 fiscal year to the general revenue fund as soon as possible. Only then, can the spending be channeled to union level organizations and ministries to carry out tasks for the development of the country and boosting production and the national economy in the 2025-2026 fiscal year.

In addition to current financial allowances, another financial allowance of Ks-30,000 have been approved as of October, 2025 for the welfare of government employees and retirees. Required funds for the increased financial allowance must be provided by transferring funds from the original budget without applying for additional budgets or transferring funds paid back the union GRF, which will also transfer funds for net deficits.

Task that are required to be carried out in the 2025-2026 fiscal year must be completed within the designated period according to their standards and special care must be taken not to retransfer excessive budget spending. Ministries and regional and state governments are required to implement tasks with accountability within the designated period by spending the additional budget and budgets originally allocated for the 2025-2026 fiscal year and to accept systematic audits of spending.

Ministries and regional and state governments are also required to spend their budgets hat will contribute to the development of the country systematically, effectively and beneficially in accordance with the objectives of the NDSC and to successfully implement tasks.

After the remarks, the meeting concluded. **100**

# Einme Township supplies large volume of paddy to Yangon market

EINME October 28

Local traders from Einme Township of Ayeyawady Region shipped 75-day paddy strain to Yangon market said Daw Yi Yi, the owner of rice and paddy trading commodity in Einme Township.

From Einme Township, only about 62,000 baskets of the 75-day paddy variety could be exported to the Yangon market.

"In the past month alone, we exported about 62,000 baskets of 75-day paddy to the Yangon market. From Einme, most of the exports to Yangon are rice, paddy, and other farm products. The 75-day paddy variety belongs to the premium group. Because of strong demand from Yangon buyers, exports increased. Paddy prices are still rising, and Yangon buyers have already made connections to purchase large quantities of the 75-day paddy variety this month as well. Compared to other varieties, the 75-day paddy has been trading more actively both in the past month and at present," said Daw Yi Yi.

It is reported that the 75-day paddy exported from Einme Township to Yangon during the past month has fetched up to Ks-1.545 million per 100 baskets. With stronger trade in this variety, farmers, traders, port workers, and vehicle rental operators are all gaining more job opportunities.

**SK**

# More than 3,000 acres of vegetables cultivated in Kyaukmyaung Sub-Township

KYAUKMYAUNG October 28

Local farmers have planted a total of 2,006 acres of vegetables as monsoon crops in Kyaukmyaung Sub-Township of Sagaing Region, according to the statistics of Kyaukmyaung Sub-Township Agriculture Department.

During the 2025-2026 monsoon cropping season, a plan was made to cultivate 4,895 acres of vegetables in Kyaukmyaung Sub-Township. Planting began in May this year, and as of today, 3,006 acres have already been cultivated.

"For this year's monsoon season, more than 4,000 acres of vegetables are planned for cultivation in Kyaukmyaung Sub-Township. So far, over 3,000 acres have already been planted, and efforts are ongoing to meet the full target. The crops include roselle, chilli, cauliflower, coriander, potato, cabbage, mustard, ridge gourd, eggplant, and bottle gourd. Farmers are being provided with technical support to grow all these vegetables using the GAP system. They are also being trained to minimize chemical residue and grow vegetables in a way that is safe for health," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.

This year, the Kyaukmyaung Sub-Township Agriculture Department has been providing vegetable farmers with training to implement GAP (Good Agricultural Practices), as well as technical guidance to ensure the produce harvested is health-compliant. Support is also being given to help farmers expand their vegetable cultivation.

In Kyaukmyaung Sub-Township, a variety of seasonal vegetables are cultivated annually. These vegetable crops have proven successful, contributing to household income. The Township Agriculture Department is continuing to educate farmers on proper cultivation techniques, pest prevention, and the use of natural fertilizers, organic pesticides, and repellents.

**SK**

►► From Page - 21

efforts must be made to ensure that rice and other crops produced domestically meet quality standards and production targets. Once domestic needs are fulfilled and export capacity is achieved, it will further contribute to the nation's overall economic development.

Although we are promoting the cultivation of oil-producing crops due to the domestic demand for cooking oil, we still need to import edible oils from abroad. While we have oil-producing crops like sesame and groundnut, traditional consumption habits and export demands mean there is still a shortfall in meeting domestic oil sufficiency. Cultivating sunflowers will, on one hand, help support domestic oil sufficiency and reduce oil imports, which will be highly beneficial for the country.

In the agricultural sector, coffee is a perennial crop. The Arabica coffee produced in our country has already gained a good reputation and market worldwide. Robusta coffee (lowland coffee) can also be cultivated throughout the nation. Regarding coffee cultivation, it can be grown as a crop that generates long-term income. Garden crops like black pepper can also be cultivated. It is necessary to provide farmers with the required knowledge and guidance. Regions and States also need to study how to effectively utilize the resources they possess for maximum benefit. To be able to implement projects beneficial for the State and the region, we must work from multiple perspectives.

For the country's economic development, quality human resources are needed in business operations. In our country, about 46 percent of the population above 25 years of age are educationally disadvantaged; therefore, it is imperative to prioritize and promote education. Only with a stronger education system can we obtain quality human resources. Furthermore, there are many students in our country who have taken the matriculation exam but were not successful. From the period we took responsibility in 2021 until now, there are about 5 million people who took the matriculation exam but did not pass. We need to consider how they can be utilized for the State. Therefore, we have consulted with responsible persons and experts and have planned to open Polytechnic schools where they can learn relevant vocational skills to enter the workforce. We have successfully opened and operated Polytechnic Universities that combine computers and technology, and we have seen positive results. Regarding education, we need to manage it with a view to long-term future benefits. There are also many who end their education at the middle school level. Therefore, we have managed to open Agriculture, Livestock, and Industrial Technical High Schools, and we have now achieved a considerable degree of success. It is essential for our country to produce specialists in the fields of agriculture, livestock, and industry. I would like to urge the Region and State governments to emphasize and carry out what should be done concerning producing quality, educated human resources.

**Efforts for the emergence of high-standard public places and stadiums alongside urban development**

Regarding urban development and beautification, it is observed that urban expansion and construction projects are being implemented. For the expansion of town plots, it is necessary to provide utilities such as water, electricity, roads, and other basic infrastructure. Therefore, in some areas, it is more beneficial to valuably utilize land and construct modern housing and apartments to enhance urban standards. In line with the new town plans, it is also necessary for actual buildings and residents to materialize. Regarding urban beautification, it is necessary to comply with the established municipal rules and regulations and to systematically enforce them. Municipal staff must diligently carry out their required enforcement duties.

Along with urban development, it is also necessary to provide places for the urban public to relax and rest, as well as public spaces. For universities and colleges, spaces must be created where festivals and sports competitions can be held. Furthermore, basic education schools must be equipped with suitable sports fields and adequate basic infrastructure commensurate with the schools. We have already permitted the construction of sports fields with 400-meter running tracks in densely populated townships in Regions and States. Furthermore, we are permitting the construction of indoor stadiums and indoor swimming pools. Region and State governments must maintain the sports fields they already possess to prevent deterioration and keep them up to standard, and they must also propose requests for needed sports fields in accordance with regulations. In cities with a population of over 100,000 in each Region and State, modern sports fields will be built to promote public health, fitness, and the sports sector. The Region and State governments represent the states and regions they lead and administer, and they must constantly consider and work for the development of their respective areas. Concerning the sports sector, the upcoming December is Sports Month, and efforts must be made to ensure full public participation in public sports events and public walking events.

I have discussed matters that can benefit the State. During our term of responsibility, we must strive with all our might and wisdom to do everything possible for the benefit of the State and its people.

Following the meeting, the Senior General presented a cash award in honor of the Kayin State Women's Football Team, which won first prize in the 2025 Region and State Under-25 Women's Football Tournament. The Kayin State Chief Minister accepted the award on behalf of the team.

**100**

# Yinmabin District plants more than 11,000 acres of sunflower this year

YINMABIN October 28

Local farmers have planted more than 11,000 acres of sunflower as monsoon crops in Yinmabin District of Sagaing Region, according to the district Agriculture Department.

For the 2025–2026 monsoon crop season, 16,250 acres of sunflower are planned for cultivation in Yinmabin District. Planting began in June this year, and as of now, 11,060 acres have already been cultivated, it is learned.

"This monsoon crop season, more than 16,000 acres of sunflower are planned in Yinmabin District. So far, over 11,000 acres have been planted, and efforts are underway to meet the full target acreage. Sunflower, an oilseed crop, is being expanded to help reduce edible oil imports. Compared to other oil crops such as groundnut and sesame, sunflower produces a higher oil yield per acre. In this region, sunflower is grown only in the monsoon season," said Daw Myat Moe Win, Head of the Yinmabin District Department of Agriculture.

This year, Yinmabin Township planted 3,329 acres of sunflower, Kani Township 3,294 acres, Salingyi Township 1,212 acres and Pale Township 3,225 acres, totalling 11,060 acres.

In 2025-2026 monsoon crop cultivation season, Yinmabin Township earmarked cultivation of 7,941 acres of sunflower, Kani Township 3,939 acres, Salingyi Township 1,150 acres and Pale Township 3,220 acres, totalling 1,6,250 acres.

In order to expand sunflower cultivation in Yinmabin District, the respective Township Departments of Agriculture are accelerating awareness training programs, while training courses are also being intensified to enhance the capacity of staff and sunflower-growing farmers.

This year, arrangements have been made to supply seeds to farmers cultivating sunflower in Yinmabin District, to provide urea fertilizers at fair prices, and to distribute sunflower varieties through farmer-to-farmer exchange systems.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing holds a meeting with Union ministers, the Nay Pyi Taw Council Chairman, chief ministers of regions and states



Senior General Min Aung Hlaing delivers an address at the meeting.

NAY PYI TAW October 28

A coordination meeting between Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and Union ministers, the Nay Pyi Taw Council Chairman, chief ministers of regions and states in Nay Pyi Taw this afternoon.

Also present at the meeting were Prime Minister U Nyo Saw, Union ministers, the Nay Pyi Taw Council Chairman, region and state chief ministers and officials.

**Each attendee discusses undertakings for economic development of the State**

First, Union ministers reported on achieving the target production of crops in relevant regions, yearwise comparison for sown acreage and per-acre yield, possibilities for per-acre yield of paddy and long staple cotton, thriving of Robusta coffee and expanded cultivation, regionwise livestock breeding tasks, sufficiency of meat, fish and eggs depending on population, digging fish farms in the wetlands and reclamation of croplands to manage crops plus fish farming process, recommendations for development of agriculture and livestock tasks, needs to distribution of agricultural inputs to local farmers in order to achieve the target production in regions and states with raising the farmers awareness effectively, systematic exploration of oil and natural gas resources in regions and states for the interests of the State and the people, permitting the local and foreign investments in 2025-2026 financial year, and creation of employment opportunities.

The Commission member and Prime Minister clarified eradicating the illegal trade with momentum, seized volumes, needs to take severe action against offenders for the illegal trade in regions and states under the law, allowing the ordinary capital expenditure for implementation of projects, assessments over the progress of projects, and supervision for the work process to be completed on schedules.

Region and state chief ministers reported on repairing of the damaged buildings caused by the earthquake, progress of works, efforts for development of agriculture and livestock industries as well as micro, small and medium-sized enterprises (MSME), and initiatives for holding a free and fair multi-party democratic general election successfully.

**Efficient and correct use of the finance**

Regarding the use of public funds, the Senior General said that Regions and States need to ensure that the financial resources approved by the Government are utilized effectively. If expenditures are made in accordance with each sector's operations, the circulation of working capital will increase, contributing to national economic growth. Through the implementation of various projects, the incomes of grassroots people will rise, resulting in higher spending on food, clothing, and other necessities, thereby improving social and economic conditions. In addition, greater financial circulation will enhance both supply and demand power, which in turn will support the further development of basic infrastructure. Therefore, it is essential that public funds be used correctly and effectively.

Moreover, it is necessary to implement the quick win projects which will benefit the State and he people in a sort time.

**Successful holding of the election**

Regarding the elections, it was stated that due to widespread electoral fraud committed through various means during the 2020 multi-party democratic general election, the government had to assume responsibility of the State. Therefore, to ensure that no electoral fraud occurs in the upcoming election, the Myanmar Electronic Voting Machine (MEVM) will be used. The MEVM system does not allow any form of vote manipulation, and **the integrity of the voter lists is essential to ensure a free, fair, and credible election.** Hence, **Union ministries and Chief Ministers of Regions and States must place emphasis on ensuring the accuracy of voter lists and preventing any irregularities or fraudulent activities.** Starting from today, the election campaign period will begin, and political parties will commence their campaign activities. It was also emphasized that efforts must be made to successfully hold the election and bring about the emergence of a stable government.

**Promotion of the State economy and turning out good human resources**

Regarding national development, it was stated that efforts must be made to boost the country's economy. More than half of the national population is engaged in agriculture-based economic activities. Therefore, emphasis is being placed on MSME enterprises that are based on the agriculture and livestock sectors. It was noted that MSMEs, as well as large-scale industries, can operate using industrial raw materials derived from agricultural activities. For instance, heavy industries such as tyre manufacturing can be developed from rubber cultivation, and textile industries such as yarn and fabric production can originate from cotton cultivation. Hence, priority must be given to promoting agriculture-based manufacturing industries. The development of agricultural and livestock-based industries contributes directly to the improvement of the national economy. Only by enhancing the rural economy can the national economy achieve steady growth. The country possesses a strong foundation for successful agricultural and livestock production. Therefore,

See Page - 20 ►►

## အင်ဒိုနီးရှားက နျူကလီးယားဓာတ်အားပေးစက်ရုံကို ၂၀၃၂ ခုနှစ်တွင် စတင်လည်ပတ်ရန် မျှော်လင့်

ဂျကာတာ၊ ပြည်တွင်းရေး

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နိုင်ငံ၏ပထမဆုံးသော နျူကလီးယားစွမ်းအင်အသုံးပြု လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၃၂ ခုနှစ်တွင်စတင်လည်ပတ်နိုင်ရန် မျှော်လင့်ထားကြောင်း စွမ်းအင်နှင့်သတ္တုတွင်းသယံဇာတ ဒုတိယဝန်ကြီး ယူလီယော့ကပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၆၀ ပြည့်နှစ် အရောက်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်သောနိုင်ငံအဖြစ်ရောက်ရှိစေရေးရည်မှန်းထားပြီး နျူကလီးယားစွမ်းအင်သည် အမျိုးသားစွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်စဉ်ဆက်မပြတ်ရရှိရေးကို သေချာစေသည့် မဟာဗျူဟာမြောက်ရွေးချယ်မှု တစ်ခုဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဆက်ပြောသည်။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်နှင့် ၂၀၆၀ ပြည့်နှစ်တို့တွင် နိုင်ငံအတွက်လျှပ်စစ်ဓာတ်အားလိုအပ်ချက်စုစုပေါင်းအနက် ၅ ရာခိုင်နှုန်းနှင့် ၁၁ ရာခိုင်နှုန်းတို့ကို နျူကလီးယားမှ ရရှိစေရေး ရည်မှန်းထားကြောင်း ဒုတိယဝန်ကြီးကပြောသည်ဟုသိရသည်။

**Ref: Xinhua**

## ဩစတြေးလျ၏ လူမှုမီဒီယာအသုံးပြုမှုတားမြစ်ချက်ကိုလိုက်နာရန် TikTok၊ Meta နှင့် Snap တို့ သဘောတူ




မဲဘုန်း၊ ပြည်တွင်းရေး

ဩစတြေးလျအစိုးရက ကမ္ဘာပေါ်တွင် ပထမဆုံးအဖြစ် အသက် ၁၆ နှစ်အောက်ကလေးငယ်များကို လူမှုမီဒီယာအသုံးပြုမှု တားမြစ်ထားပြီး ထိုတားမြစ်ချက်များကို လိုက်နာရန်သဘောတူသည်ဟု လူမှုမီဒီယာကုမ္ပဏီများဖြစ်သည့် TikTok၊ Meta နှင့် Snap တို့က အောက်တိုဘာလ ၂၈ ရက်တွင် ဩစတြေးလျလွှတ်တော်သို့ပြောသည်။

ဩစတြေးလျလွှတ်တော်က အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာအသုံးပြုမှုတားမြစ်သည့်ဥပဒေကို ယမန်နှစ်က အတည်ပြုခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေအရ အသက် ၁၆ နှစ်အောက်ရှိသူများအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်မှစ၍ လူမှုမီဒီယာပလက်ဖောင်းများ၌ အကောင့်ဖွင့်ခြင်းကို တားမြစ်သွားမည် ဖြစ်သည်။

ထို့ကြောင့် TikTok၊ Meta နှင့် Snap တို့က ၎င်းတို့၏လူမှုမီဒီယာပလက်ဖောင်းများရှိ အသက် ၁၆ နှစ်အောက်ကလေးများ၏အကောင့်များကို ဩစတြေးလျအစိုးရ၏ဥပဒေတည်သောအချိန်မှစ၍ ပိတ်ထားပေးမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီများမှ တာဝန်ရှိသူများက လွှတ်တော်သို့လာ၍ ကတိပြုခဲ့ခြင်းဖြစ်သည်။

ထိုဥပဒေအရ အသက် ၁၆ နှစ်အောက်ကလေးများအနေဖြင့် လူမှုမီဒီယာများ၏ ပလက်ဖောင်းများတွင်အကောင့်များပိုင်ဆိုင်ထားပါက ယင်းကုမ္ပဏီများအနေဖြင့် အမေရိကန်ဒေါ်လာ ၃၂ သန်းကျော်အထိ ဒဏ်ရိုက်ခံရမည်ဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

## မုန်တိုင်းမွန်ထာ တစ်နာရီလေတိုက်နှုန်း မိုင် ၆၀ နှုန်းဖြင့် အန်ဒရာပရာဒေ့ရှ်သို့ ဝင်ရောက်

နယူးဒေလီ၊ ရာသီဥတု

ဘင်္ဂလားပင်လယ်အော်အတွင်းဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်း မွန်ထာက တစ်နာရီလျှင် လေတိုက်နှုန်း မိုင် ၆၀ နှုန်းဖြင့် အန်ဒရာပရာဒေ့ရှ်ပြည်နယ် ကုန်းတွင်းပိုင်းသို့ အောက်တိုဘာလ ၂၈ ရက် ညပိုင်းတွင်ဝင်ရောက်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

မုန်တိုင်းသည် ကာကီနာဒါမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခြင်းဖြစ်ပြီး မြောက်–အနောက်မြောက်ဘက်သို့ ဆက်လက်ဦးတည်မည်ဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှု၏ဒဏ်ကို အဆိုးဆုံးခံစားရမည့်ဒေသများမှာ မုန်တိုင်းဖြတ်ကျော်သည့် လမ်းကြောင်းပေါ်ရှိ ခရိုင်ခုနစ်ခုဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ပြင် မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းသည့်အတွက် မြေနိမ့်ဒေသများနှင့်လယ်ကွင်းများ ရေနစ်မြုပ်ပျက်စီးနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်ဟုသိရသည်။

**Ref: NDTV**

## ထိုင်းနိုင်ငံက အီး-စီးကရက်သုံးစွဲမှုကို ပိုမိုထိန်းချုပ်နိုင်ရေး အရေးပေါ်အဖြစ် လုပ်ဆောင်နေ

ဘန်ကောက်၊ ကျန်းမာရေး

ထိုင်းနိုင်ငံအတွင်း အီး–စီးကရက်သုံးစွဲသူအရေအတွက် လျင်မြန်စွာမြင့်တက်လာနေစဉ် အစိုးရကအဆိုပါအီး–စီးကရက်သုံးစွဲမှုကိုပိုမိုထိန်းချုပ်နိုင်ရေးအတွက် အရေးပေါ်အဖြစ်လုပ်ဆောင်နေကြောင်း သိရသည်။

ထိုင်းအစိုးရအဖွဲ့သည် ဆေးရွက်ကြီးထုတ်ကုန်ထိန်းချုပ်ရေးဥပဒေကို အလုံးစုံပြင်ဆင်ရေးတောင်းဆိုထားသည့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တောင်းဆိုချက်ကိုအတည်ပြုကာ အဆိုပါဥပဒေကို ပြင်ဆင်ရေးဆွဲသွားရန် အတည်ပြုထားပြီဖြစ်ကြောင်း အစိုးရအဖွဲ့မှ ဒုတိယပြောရေးဆိုခွင့်ရှိသူ အီရင်ဖန်ရစ်က အောက်တိုဘာလ ၂၈ ရက်တွင်ပြောသည်။ အီး–စီးကရက်အသုံးပြုသူများထဲတွင် အသက် ၁၅ နှစ်ရှိသူများပင်ပါဝင်ပြီး ၂၀၂၄ ခုနှစ်တွင် ၎င်းကိုသုံးစွဲသူ လူဦးရေ လေးသိန်းကျော်အထိ မြင့်တက်လာကြောင်း သိရသည်။

**Ref: ST**

## အမေရိကန်နှင့် ဂျပန်တို့က မြေရှားဒြပ်စင်များအတွက် သဘောတူညီချက်ရရှိ



တိုကျို၊ စီးပွားရေး

အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က အရေးပါသောဓာတ်သတ္တုများနှင့် မြေရှားဒြပ်စင်များကို ထုတ်လုပ်ရောင်းချမှုဆိုင်ရာ သဘောတူညီချက်ရရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ် ဂျပန်ဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် ထိုစာချုပ်ကို အောက်တိုဘာလ ၂၈ ရက်တွင် လက်မှတ်ရေးထိုးနိုင်ခြင်းဖြစ်သည်။

အဆိုပါသဘောတူစာချုပ်တွင် အဆင့်မြင့်နည်းပညာများနှင့် သက်ဆိုင်ရာစက်မှုလုပ်ငန်းများအပါအဝင် ပြည်တွင်းစက်မှုလုပ်ငန်းများကို ထောက်ပံ့ပေးနိုင်စေရန် လိုအပ်သော ပူးတွဲစီမံကိန်းများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပါသောဓာတ်သတ္တုများ၊ မြေရှားဒြပ်စင်များအတွက် မျှတမှုရှိသောဈေးကွက်များကို တိုးမြှင့်ဖော်ဆောင်နိုင်ရေးအတွက် ပူးပေါင်းရင်းနှီးမြှုပ်နှံမှုတို့ လုပ်ဆောင်မည်ဖြစ်ကြောင်းပါဝင်သည်။

အမေရိကန်သမ္မတက တရုတ်နိုင်ငံကို သွင်းကုန်အခွန် တိုးမြှင့်ကောက်ခံမည်ဟူသောသတိပေးချက်ထုတ်ပြန်စဉ် တရုတ်နိုင်ငံကလည်း အမေရိကန်သို့ မြေရှားကဲ့သို့သော အရေးကြီးကုန်ကြမ်းပစ္စည်းများတင်ပို့မှု တားမြစ်ထားကြောင်းသိရသည်။

**Ref: RT**

## တူကီယဲက ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ တိုက်လေယာဉ်အစင်း ၂၀ ကို ဗြိတိန်ထံမှဝယ်ယူ

အန်ကာရာ၊ စစ်ရေး

တူကီယဲနိုင်ငံသည်အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိသည့် Eurofighter Typhoon အမျိုးအစား တိုက်လေယာဉ် အစင်း ၂၀ ကို ဗြိတိန်နိုင်ငံမှ ဝယ်ယူနိုင်ရန် သဘောတူစာချုပ်ကို လက်မှတ်ထိုးလိုက်ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါစာချုပ်သက်တမ်းမှာ ၁၀ နှစ်ဖြစ်ပြီး ယခုကဲ့သို့သဘောတူညီမှုရရှိခြင်းသည် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်ဆက်ဆံရေးအတွက် အမှတ်အသားအသစ်တစ်ခုဖြစ်ကြောင်း၊ ကာကွယ်ရေးစက်မှုလုပ်ငန်းတွင် ပူးတွဲစီမံကိန်းများဆောင်ရွက်နိုင်ရေးအတွက် တံခါးဖွင့်ကာကြိုဆိုလျက်ရှိကြောင်း တူကီယဲသမ္မတ ရီဆပ်တေယစ်အာဒိုဂန်ကပြောသည်။

တူကီယဲနိုင်ငံသည် ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်မှုများလုပ်ဆောင်နေစဉ် ယခုကဲ့သို့ အဆင့်မြင့်တိုက်လေယာဉ်များကိုဝယ်ယူခြင်းဖြစ်သည်။ တူကီယဲနိုင်ငံ၏ ကာကွယ်ရေးဝန်ကြီး ယာဆာဂူလာက တူကီယဲနိုင်ငံသည် Eurofighter Typhoon တိုက်လေယာဉ် ၄၄ စင်းအထိဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ၁၂ စင်းကို ကာတာမှလည်းကောင်း၊ နောက်ထပ် ၁၂ စင်းကို အိုမန်မှလည်းကောင်း၊ ကျန်ရှိသည့်အစင်း ၂၀ ကို ဗြိတိန်မှလည်းကောင်း ဝယ်ယူရန် စီစဉ်ထားကြောင်း အစောပိုင်းတွင် ထုတ်ပြန်ထားသည်။

**Ref: Xinhua**



## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ဗုဒ္ဓဆင်းတုတော်မြတ်များအား ဆွမ်းတော်ကြီးလောင်းလှူပူဇော်ပွဲကျင်းပ

**ပင်းတယ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ဆူးဗိုလ်ကုန်းရပ်ကွက် ဆူးဗိုလ်ကုန်းပရိယတ္တိစာသင်တိုက်တွင် တည်ထားကိုးကွယ်အပ်သော ဂြိုဟ်ပြေနံပြေဆုတောင်းပြည့်စေတီ ပုထိုးတော်မြတ်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်မြတ်များအား ဓနုဒေသတိုင်းရင်းသား မိဘပြည်သူများ၏ ရှေးရိုးရာအစဉ်အလာမပျက်ဆွမ်းတော်ကြီးလောင်းလှူပူဇော်ပွဲကို အောက်တိုဘာလ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဆူးဗိုလ်ကုန်းကျောင်းဆရာတော်နှင့် ရပ်ကွက်နေ ရပ်မိရပ်ဖများဦးစီး၍ ရပ်ကွက်နေမိဘပြည်သူများက ဆွမ်းတော်ကြီးနှင့် ရေချမ်း၊ ဆီမီး၊ ခဲဖွယ်အစရှိသော လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို စီတန်းလှည့်လည်ကြပြီး ကျောင်းကြီးပေါ်၌ ကထိန်ပွဲတော်ကျင်းပမည့် ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို ထားရှိကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဝင် ကျောင်းထိုင်ဆရာတော်(ဂန္ထဝါစကပဏ္ဍိတ) အရှင်ဘဒ္ဒန္တပဏ္ဍိတထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြ၍ ဆရာတော်က တိုင်တည်စီမံပေးမှုတို့ဖြင့် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအတွင်းရှိ ခုနစ်ရက်သားသမီးများအတွက် ဂြိုဟ်ပြေနံပြေ ဗုဒ္ဓဆင်းတုတော်မြတ်များအား ဆွမ်းတော်ကြီးနှင့် ခဲဖွယ်ဘောဇဉ်ချိုချဉ်များ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(၄၀၅)

## ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုစစ်ဆေး

**လင်းခေး အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကုန်း(လွိုင်ပုံပန့်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာလ ၂၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် လင်းခေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက နားကုန်း(လွိုင်ပုံပန့်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နားကုန်း(လွိုင်ပုံပန့်)ကျေးရွာ၌ လမ်းအရှည် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေရှိ မြေသားလမ်းပေါ်တွင် အမြင့် ၉ လက်မရှိ သဲဖြူန်းခင်းခြင်းလုပ်ငန်းကို စည်တော်ညွှန့်ကုမ္ပဏီက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေကျပ် ၄၇ ဒသမ ၂၉၇ သန်းအသုံးပြု၍ ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးပါက နားကုန်း(လွိုင်ပုံပန့်)ကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လင်းခေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှ သိရသည်။

မင်းမြင့်မိုရ်

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းပြည့်စုံမှန်ကန်စေရန် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ



**မြစ်သား အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းပြည့်စုံမှန်ကန်စေရန် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၂၇ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြစ်သားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းမောင်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ဥပဒေနှင့်အညီ မျှမျှတတမဲဆွယ်စည်းရုံးကြရန်၊ ပါတီအချင်းချင်းတိုက်ခိုက်မဲဆွယ်ခြင်း၊ အချို့နိုင်ငံရေးပါတီများက မိမိတို့ပါတီအနိုင်ရရေး ပြည်သူလူထုကို နည်းလမ်းမမှန်သောစည်းရုံးရေးနည်းများဖြင့် မဲဆွယ်စည်းရုံးခြင်းကို ရှောင်ရှားကြရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော နိုင်ငံရေးပါတီများမှတစ်ဦးချင်းအပြန်အလှန်မိတ်ဆက်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစန်းမြင့်က နိုင်ငံသားတိုင်းမဲပေးနိုင်ရေးအတွက် မဲစာရင်းပြည့်စုံမှန်ကန်မှုကို ကော်မရှင်အဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ပါတီအပါအဝင် အခြားနိုင်ငံရေးပါတီအသီးသီးမှလည်း မဲစာရင်းပြည့်စုံမှန်ကန်စေရန် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးရန်နှင့် နည်းဥပဒေများအရ လိုအပ်သည်များဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ သီချင်းလက်ဆောင်
၅။ ၁၁:၀၀ မြန်မာ့လက်သံ
၆။ ၁၂:၀၀ ပန်းတို့၏အလှတရား
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၄:၀၀ Movie & Movies
၉။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
**သရုပ်ဆောင်-ဖြိုးမွန်ကျော်၊ သဥ္ဇာမြင့်မိုရ်**
**ဒါရိုက်တာ-ဟန်စိုး(မြစ်ကျိုး)**
**ယုံမှတ်လို့ပုံအပ်မိပါသည်**
၁၀။ **ည ၈ နာရီ သတင်း အပြီး** အမျိုးသားရေးတေးကဗျာ
၁၁။ နိုင်ငံတကာသတင်း
၁၂။ ခရီးလည်းသွားစကားလည်းဆို
၁၃။ တရားတော်

### MWD Variety Channel

၂၉-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၁၈ ရှာဖွေလေ့လာ ပြတိုက်မှာ
၂။ ၁၁:၃၅ ကမ္ဘာ့တစ်ခွင် မှတ်တမ်းဝင်
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၂၂:၅၀ ဗုဒ္ဓဓမ္မအသိများ တိုးပွားရကြစေ

# မြစ်ကြီးနားမြို့၊ အရှေ့လယ်ကုန်းရပ်ကွက်၊ သောင်ဦးကျောင်းတိုက်၏ဦးစီးပဓာနနာယက၊ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တရ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပပြုလုပ်



သောင်ဦးကျောင်းတိုက်ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ယာယီစံကျောင်းမဏ္ဍပ်သို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက ပင့်ဆောင်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၈

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အရှေ့လယ်ကုန်းရပ်ကွက်၊ သောင်ဦးကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တရ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ၏ အန္တိမအဂ္ဂိစျာပနကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပင့်ဖိတ်ထားသည့် ပြည်နယ်သံဃနာယကအကျိုးတော်ဆောင် ဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာအမှူးပြုသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒါယကာ၊ ဒါယိကာမများတက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "သဗ္ဗေသင်္ခါရာ အနိစ္စာတိ" အစချီသော သုံးဂါထာကို ရွတ်ဖတ်၍ စတင်ခဲ့ပြီး တက်ရောက်လာကြသူများက ဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဦးဉာဏသိန်း (မန္တလေး)က ဘဝနတ်ထံဝင်စံတော်မူသော သောင်ဦးကျောင်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းအား ဖတ်ကြားလျှောက်ထားသည်။

၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စျာပနကော်မတီဥက္ကဋ္ဌ ပေါ်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရဒက သောင်ဦးကျောင်းဆရာတော်ကြီး၏ တပည့်ရဟန်းသာမဏေများနှင့် ဒါယကာ၊ ဒါယိကာမများအား ဆရာတော်ကြီးအပေါ်၌ အပြစ်ရှိကခွင့်လွှတ်ပါရန် တောင်းပန်လွှာကို တိုင်တည်ပေးသည်။

ဆက်လက်၍ သောင်ဦးကျောင်းတိုက် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို သံဃာတော်များ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ဒါယကာ၊ ဒါယိကာမများက ယာယီစံကျောင်းမဏ္ဍပ်သို့ အဆင့်ဆင့်ပင့်ဆောင်ကြသည်။ နေ့လယ်ပိုင်းတွင် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို မြစ်ကြီးနားမြို့အတွင်း စျာပနလမ်းကြောင်းအတိုင်း လှည့်လည်ပူဇော်ခံပြီး လောင်တိုက်တော်၌ အန္တိမအဂ္ဂိစျာပနပူဇော ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၈

အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီလက်အောက်ရှိ လုပ်ငန်းကော်မတီ (၈)ရပ်အနက် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့်ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီအနေဖြင့် အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့်ပြန်လည်ကုစားရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈)အရ ကျူးလွန်သူကို တရားစွဲဆိုခြင်း၊ ကလေးသူငယ်ကိုအကာအကွယ်ပေးခြင်း၊ လိုအပ်သောထောက်ပံ့မှုများပေးခြင်းတို့ကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးလုပ်သားစစ်တမ်း၂၀၂၄-၂၀၂၅ အစီရင်ခံစာအရ တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုရှိ အန္တရာယ်ရှိသောလုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးသူငယ် ၈၂ ဦးတို့အား လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု နည်းလမ်းများနှင့် အညီ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှု အခြေအနေ နှစ်ဝက်အစီရင်ခံစာများ၊ လစဉ်အစီရင်ခံစာများကို အမျိုးသားကော်မတီသို့ ပုံမှန်ပေးပို့တင်ပြလျက်ရှိကြောင်း၊ အရည်အသွေးပြည့်ဝသော လုပ်သားကောင်းများရရှိစေရေးအတွက်လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ကျောင်းသူများအတွက်သက်မွေးပညာသင်တန်းများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းတင်ပြကြရာ ဒုတိယဝန်ကြီးက အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေသည့် အလုပ်ရှင်များအား ဥပဒေပိုင်းဆိုင်ရာ အသိပညာများပေးရန်၊ အဆိုးရွားဆုံးပုံစံခိုင်းစေခံရသည့် ကလေးအလုပ်သမားများတွေ့ရှိပါက လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line Phone No. 1566 သို့ သတင်းပို့ရန်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်အညီ ကလေးအား အကောင်းဆုံးအကျိုးစီးပွားရရှိရေးအတွက် ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲအောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်၊ အမျိုးသမီးတံခွန်စိုက်နှင့် စုပေါင်းတံခွန်စိုက် ဒိုင်းရရှိခဲ့သော အောင်ပွဲရရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီမှ တိုင်းဒေသကြီး မြန်မာ့သိုင်းအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပြည်လမ်းရှိ Lanting Creative Yangon ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်မာဝေ၊ ရန်ကုန်တိုင်းဒေသကြီး သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်သီတာခိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ နည်းပြများ၊ အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်မာဝေက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်သီတာခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရအားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရ အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဒိုင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းနှင့် စုပေါင်းတံခွန်စိုက်ဒိုင်း တံခွန်စိုက်ဒိုင်းသုံးခုချီးမြှင့်ရာတွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းအဖွဲ့အနေဖြင့် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ်ကိုးခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် တံခွန်စိုက်ဒိုင်းသုံးခုစလုံးရရှိခဲ့ကြောင်း သိရသည်။

နေကိုထိုက်

## နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

## ပုဗ္ဗသီရိနှင့် ရပ်စောက်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၈

ပုဗ္ဗသီရိနှင့် ရပ်စောက်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၂၆ ရက် ည ၈ နာရီတွင် သတင်းအရ ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာ ငလိုက်ချောင်းတံတားအနီးတွင် တင်ရွှေ(၅၆)နှစ် ဓမ္မပါလကျေးရွာ တောင်ဘိုကျေးရွာအုပ်စု ရမည်းသင်းမြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၂၅ပြား (ဒေသတန်ဖိုးငွေကျပ် ၁၆၀ ဒသမ ၈၇၅ သိန်း)ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာ ရွာသစ်ရပ်ကွက်နေ မသန်းအေး(၅၄)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀ (ဒေသတန်ဖိုးငွေကျပ် ၃၆ သိန်း)ကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

မြဝတီ



တရားခံ တင်ရွှေအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၆ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၆၈ ဦးထပ်မံစစ်ဆေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့်အင်ဒိုနီးရှားနိုင်ငံသား ၂၆ ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၆၈ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်စဉ်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့်ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ First Secretary Mr. David Leonard Hatumena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မဲ့ထော်သလေး(KK Park)နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပါကစ္စတန်နိုင်ငံသား ၆၀ ဦး၊ ကင်ညာနိုင်ငံသား ၅၆ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၁ ဦးနှင့် အိန္ဒိယနိုင်ငံသား ၁၁ ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၆၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၆၄၀ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၂၈၇ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင်ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့်ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

---

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့်ရေယာဉ် ဖမ်းဆီးရမိ




တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့်တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၆ ရက်**တွင် ထားဝယ်မြို့ ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၉)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၉၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၇ ရက်**တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၉၈)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၈)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၈၀၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အမျိုးသားဆေးဝါးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၉ ရက်**တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၇)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၁ ရက်**တွင် လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (၁၇ ဒသမ ၇၇၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၆၃၂၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Foton Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **အောက်တိုဘာလ ၂၅ ရက်**တွင် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် (၁)စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့်လုပ်ငန်းသုံးပစ္စည်း(၅)မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ (ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း(၆၃)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၃၀၈၇၆၉၁)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. MCL 20 ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၃၇၅၀၈၉၁)**ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၅ ရက်**တွင် ဝေါမြို့အထွက် ရှောင်ကွင်းလမ်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၄၅၉၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၂)စီး၊ Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း၊ **အောက်တိုဘာလ ၂၆ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၂)ဦး၏ ဝန်စည်များအတွင်းမှ လူသုံးကုန်ပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၈၅၀၀၀) ကို လည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၂၉၅၉၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **အောက်တိုဘာလ ၁၇ ရက်၊ ၁၉ ရက်၊ ၂၁ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၄၀၈၃၅၈၅၁)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့်ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# တန်ဆောင်မုန်းလ ရာသီပွဲတော်များ

မောင်အေးချမ်း(တမာမြေ)

ဝါတွင်းကာလပြီးဆုံး၍ နေရာအနှံ့တွင် ကြားနေရသော သီချင်းသံကား "ဘုံကထိန် ဘုံကထိန်..... ဘုံကထိန်လှည့်လို့လာ"စသော သီချင်းသံများပင်ဖြစ်သည်။ ထိုသီချင်းသံသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော ကထိန်ပွဲကျင်းပသည့် ရာသီရောက်ခြင်းကို နှိုးဆော်လိုက်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ ကျေးရွာ၊ ရပ်ကွက်၊ မြို့အလိုက် အသင်းအဖွဲ့များ စုပေါင်း၍ ကထိန်ပွဲအတွက် စီစဉ်နေကြသည်။ ကထိန်ပွဲကျင်းပသည့်ကာလသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိဖြစ်သည်။

တန်ဆောင်မုန်းလသည် အညာကျေးလက်ရှိ တောင်သူများ မိုးဦးသီးနှံသိမ်းဆည်းပြီးချိန်ဖြစ်၍ ဆောင်းသီးနှံများအောင်မြင်ဖြစ်ထွန်းသည့်လဖြစ်သောကြောင့် "တောင်သူ ရွှင်ပြုံး တန်ဆောင်မုန်း" ဟူ၍လည်းကောင်း၊ မိုးရာသီအကုန် ဆောင်းရာသီအကူး ကြားကာလဖြစ်သောကြောင့် "မိုးလအဆုံး တန်ဆောင်မုန်း"ဟူ၍လည်းကောင်း၊ မြက်ခင်းပြင်ပေါ်၌ နှင်းရည်များ ကျရောက်နေသောကြောင့် "ချမ်းစ တန်ဆောင်မုန်း"ဟုလည်းကောင်း၊ ကောက်ကြီးစပါးများ စပါးနှံမထွက်မီ စပါးနှံဖြစ်မည့်အလိပ်ကို "ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း"ဟုလည်းကောင်း အမျိုးမျိုးခေါ်ဝေါ်လေ့ရှိကြသည်။

တန်ဆောင်မုန်း၏အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် တန်ဆောင်မှုန်းဖြစ်သည်။ "တန်ဆောင်" မှာ မီးရှူးမီးတိုင်ဖြစ်ပြီး "မှုန်း"မှာ ပျံ့နှံ့စေခြင်းဟု အဓိပ္ပာယ်ရသည်။ ထိုဝေါဟာရနှစ်ခု ပေါင်းစပ်လိုက်လျှင် "ဆီမီးတိုင်များ နေရာအနှံ့ထွန်းလင်းနေသည်"ဟု ဆိုလိုသောကြောင့် မီးထွန်းပွဲကို ရည်ညွှန်းသည်။ တန်ဆောင်မုန်းလအကြောင်းကို စာဆိုကင်းဝန်မင်းကြီးက "တန်ဆောင်ဖြိုဿ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး၊ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်းစိုး" ဟု သံပေါက်ကဗျာဖြင့်ဖွဲ့ဆိုခဲ့သည်။ တန်ဆောင်မုန်းလကို ဗေဒင်အခေါ်အဝေါ်အရ ဖြိုဿရာသီဟုခေါ်ပြီး စန်းယှဉ်နက္ခတ်မှာ ကြတ္တိကာနက္ခတ် (ဖျောက်ဆိပ်ကြယ်)ဖြစ်သည်။ ရာသီအရုပ်မှာ ကင်းမြီးကောက်ရုပ်ဖြစ်ပြီး ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ ထိုအရာများသည် တန်ဆောင်မုန်းလ၏ အမှတ်သင်္ကေတများပင်ဖြစ်သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ပြက္ခဒိန်နှစ်တစ်နှစ်လုံး လအလိုက် အလှူအတန်းများပြုလုပ်သည့်ပွဲတော်များကျင်းပကြသည်။ လအလိုက်ပွဲတော်များစွာကျင်းပရာတွင် တန်ဆောင်မုန်းလသည် ပွဲတော်အများဆုံးလဖြစ်သည်။ ကျင်းပသည့်ပွဲတော်များမှာ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ ပွံ့သကူပွဲတော်၊ မဲဇလီဖူးသုပ်ဝေငှပွဲတော်၊ ဆီမီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်တို့ဖြစ်ကြသည်။

ထိုပွဲတော်များအပြင် တန်ဆောင်မုန်းလပြည့်ညသည် သာမညဖလအခါတော်နေ့ဖြစ်သည်။ ထိုနေ့ဖြစ်ပေါ်လာရခြင်းမှာ မြတ်စွာဘုရားရှင်လက်ထက်တွင် အဇာတသတ်မင်းသည် ဒေဝဒတ်နှင့်ပေါင်းမိသဖြင့် ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့မိသော အချိန်မှစ၍ အိပ်မပျော်သော ဝေဒနာစွဲကပ်ခဲ့သည်။ ထိုရောဂါပျောက်ကင်းရန် မြတ်စွာဘုရားထံရောက်ရှိ၍ မြတ်စွာဘုရားမှ သာမညဖလတရားတော်ကို ဟောခဲ့သည်။ ထိုအချိန်မှစ၍ ဝေဒနာလည်း ပျောက်ကင်းသွားသည်။ ဗုဒ္ဓသာသနာကို အသက်ပေးကြည်ညိုသူဖြစ်ပြီး ပထမသင်္ဂါယနာတင်ပွဲ ဖြစ်မြောက်ရေးကူညီခဲ့သည်။ ခမည်းတော်ကို သတ်ခဲ့မိသဖြင့် ကြီးလေးသော မဟာအဝီစိငရဲ၌ မခံရတော့ဘဲ ပေါ့လျော့သော လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်းသာခံရသည်။ ငရဲမှလွတ်ပြီး ဝိဇိတာဝီ အမည်ဖြင့် ရဟန္တာဖြစ်၍ ကျွတ်တမ်းဝင်မည်။ ဤကား သာမညဖလသုတ်ကို နာကြားရသဖြင့် အကျိုးကျေးဇူးများရရှိသော အဇာတသတ်မင်း၏



ဖြစ်ရပ်ပင်ဖြစ်ပေသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများတွင် သာမညဖလသုတ္တန်ကို ရွတ်ဖတ်ပူဇော်ကြသည်။

တန်ဆောင်မုန်းလပြည့်ညသည် ဆေးပေါင်းခသည့်ညဟူ၍လည်း ရှေးအစဉ်အလာအရဆိုခဲ့သည်။ လပြည့်ညတွင် သစ်ပင်အပေါင်းမှ သစ်ပင်စောင့်နတ်များသည် မဲဇလီပင်စောင့်နတ်အား လာရောက်ခစားကြသောကြောင့် ဆေးပေါင်းခသည့်ညဟုဆိုလိုသည်။ လပြည့်နေ့မတိုင်မီ မဲဇလီဖူးများ ရှာဖွေခူးယူကြသည်။ လပြည့်နေ့တွင်မဲဇလီဖူးများပြုတ်၍ မြေပဲဆန်များ၊ ဆီချက်များဖြင့်သုပ်ပြီး ပတ်ဝန်းကျင်ရှိအိမ်များ၊ ဆွေမျိုးများအား ဝေငှအလှူအတန်းပြုကြသည်။ ည ၁၂ နာရီတိတိအချိန်ရောက်မှစားလျှင် ဆေးပေါင်းခသည်ဟုဆိုသောကြောင့် စကားစမြည်ပြောရင်းထိုင်စောင့်ရသည်။ မြန်မာတိုင်းရင်းဆေးဆရာကြီးများမှာလည်း ည ၁၂ နာရီတိတိအချိန်သည် ဆေးပေါင်းခသည့်ည၏အစွမ်းထက်ဆုံးအချိန်ဖြစ်သည်ဟုသတ်မှတ်ကာ ဆေးဝါးမျိုးစုံဖော်စပ်လေ့ရှိကြသည်။

တန်ဆောင်မုန်းလပြည့်ညသည် ရှေးအစဉ်အလာတစ်ခုဖြစ်သည့် ပွံ့သကူပစ်သည့် အလှူဒါနလည်းပြုလုပ်ကြသည်။ ပွံ့သကူပစ်ခြင်းသည် ရဟန်းသံဃာတော်များ၏ကျင့်စဉ်ဓမ္မဖြစ်သော ဓုတင် ၁၃ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် ပွံ့သကူဓုတင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်။ ပွံ့သကူဓုတင်သည် ဒါယကာ၊ ဒါယိကာမများ တိုက်ရိုက်လှူဒါန်းသည့်သင်္ကန်းကိုပယ်၍ လူတို့စွန့်ပစ်သောအဝတ်များကို ကောက်ယူစုဆောင်း၍ ချုပ်ခြင်း၊ စပ်ခြင်း၊ ဆေးဆိုးခြင်းတို့ ပြုလုပ်ထားသော သင်္ကန်းကို ဝတ်ခြင်းဖြစ်သည်။ ထိုအရာများကို အစွဲပြု၍ ယနေ့ မြန်မာနိုင်ငံအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်တို့သည် ပိုက်ဆံများ၊ ပစ္စည်းများကို ပွံ့သကူပစ်၍ လှူဒါန်းကြသည်။

နိဗ္ဗာန်ဈေးပွဲတော်သည် ရပ်ကွက်များအတွင်း ပြည်သူများ တပျော်တပါးပျော်ရွှင်စွာဆင်နွှဲကြသည့်ပွဲတော်ဖြစ်သည်။ နိဗ္ဗာန်ဈေးဆိုသည့်အတိုင်း လိုချင်သည့်အရာကို အလွယ်တကူရယူနိုင်သည့်သဘောဖြင့် တစ်ဦးလျှင် ပစ္စည်း၊ မုန့်တစ်မျိုးစီဖြင့် အပြန်အလှန် လဲလှယ်လှူဒါန်းကြခြင်းပင်ဖြစ်သည်။ ကလေး၊ လူကြီးအားလုံး ဆင်နွှဲနိုင်သည့်ပွဲတော်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ညသည် ဆီမီးထွန်းပွဲနှင့်အတူ မီးပုံးပျံပွဲများလည်းကျင်းပကြသည်။ ဆီမီးထွန်းပွဲပြုလုပ်ရခြင်းသည် မြတ်စွာဘုရား၏ဆံတော်ကို ဥပနာပြီး တာဝတိံသာနတ်ပြည်တွင် တည်ထားသော စူဠာမဏိစေတီကိုရည်မှန်းကာ ဗုဒ္ဓါနုဿတိပွားများလျက် ဆီမီးများပူဇော်ကြခြင်းဖြစ်သည်။ ထို့ပြင် မြတ်စွာဘုရားအားရည်မှန်း၍ မီးပုံပွဲများ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ကို ပြုလုပ်ကြသည်။ ဥပမာအားဖြင့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မြတ်ဗုဒ္ဓကိုရည်မှန်း၍ ညမီးကြီးမီးပုံးပျံများလွှတ်တင်ပူဇော်ကြသည်။ မိမိတို့၏နေအိမ်များတွင်လည်း မြတ်စွာဘုရားအားရည်မှန်း၍ ဆီမီးများထွန်းညှိပူဇော်ကြသည်။

တန်ဆောင်မုန်းလ၏ ပွဲတော်များအနက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းသည့်ပွဲတော်သည် အစည်ကားဆုံးဖြစ်သည်။ "ကထိန်"ဟူသော ဝေါဟာရသည် ပါဠိဘာသာစကား "ကထိန"မှ ဆင်းသက်လာပြီး မြဲမြံခိုင်ခံ့ခြင်းဟုအဓိပ္ပာယ်ရသည်။ "ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ ဆွမ်းမှာ ပိဏ္ဍ၊ သင်္ကန်းမှာ ကထိန်" ဟူ၍ ဆိုရိုးစကားရှိသည်။ ဘုရားစေတီပုထိုးများ တည်ထားကိုးကွယ်ရာတွင် စိန်ဖူးတော်သည် အထွတ်အမြတ်ဖြစ်သည်။ ကျောင်း၊ ကန်၊ ဇရပ်များအနက် သိမ်သည် မြင့်မြတ်သောရဟန်းတော်များစွာ မွေးထုတ်ပေးရာ သိမ်သမုတ်ရာအဆောက်အအုံဖြစ်၍ အထွတ်အမြတ်ဖြစ်သည်။ ဆွမ်းလောင်းလှူရာတွင် နေ့စဉ်ဝတ္တရားမပြတ် လောင်းလှူသော ပိဏ္ဍပါတ်ဆွမ်းဟင်းအလှူသည် မွန်မြတ်သည်။ ကထိန်သင်္ကန်းသည် တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာ တစ်ကျောင်း၊ တစ်ကျောင်းမှာ တစ်ကြိမ်သာလှူခွင့်ရသည်။ အလှူဦးသင်္ကန်း၊ မိုးရေခံသင်္ကန်း၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းဟူ၍ လှူဒါန်းမှုအမျိုးမျိုးအနက် ကထိန်သင်္ကန်းအလှူသည် အမွန်မြတ်ဆုံးအလှူဖြစ်သည်။

ကထိန်သင်္ကန်းကို ဥတ်သင်္ကန်း၊ ကထိန်သင်္ကန်း၊ မိုးပေါ်ကျသင်္ကန်း၊ မသိုးသင်္ကန်းဟု အမျိုးမျိုးခေါ်ကြသည်။ ဥတ်သင်္ကန်းဟူသည် ကထိန်ခင်းထိုက်သော ရဟန်းအား ကထိန်ခင်းမည့်သင်္ကန်းကို ဉတ္တိဒုတိယကမ္မဝါစာဖတ်ပြီး ပေးအပ်ရသည်ကိုစွဲ၍ ဉတ်သင်္ကန်းကြီးဟုခေါ်သည်။ ကထိန်ခင်းမည့်သင်္ကန်းမှာ "ကထိန်ခင်းရန် ထုတ်မိန့်ပြန်၊ သုံးတန်သင်္ကန်းမျိုး"ဟူသည့်အတိုင်း ဘုရားရှင်ခွင့်ပြုတော်မူသည့် ဒုကုဋ်ဟုခေါ်သော နှစ်ထပ်သင်္ကန်း၊ သင်းပိုင်ဟုခေါ်သော ခါးဝတ်သင်္ကန်းနှင့်ကေသီဟုခေါ်သော ကိုယ်ရုံသင်္ကန်းတို့ဖြစ်သည်။ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းရာတွင် ဒါယကာ၊ ဒါယိကာမများမှ ကထိန်အာနိသင်အကျိုး(၅)ပါးကိုလည်းရရှိသည်။ ထိုအကျိုး(၅)ပါးမှာ

(၁) အရပ်လေးမျက်နှာသို့ အနှောင့်အယှက်မရှိ လွတ်လပ်စွာသွားလာနိုင်ခြင်း၊

(၂) မည်သည့်အရပ်သို့မဆို တာဝန်မလေးဘဲ ပေါ့ပေါ့ပါးပါးသွားလာနိုင်ခြင်း၊

(၃) အစားအသောက်နှင့်ပတ်သက်၍ အဆိပ်အတောက်ကင်းဝေးခြင်း၊

(၄) မိမိပစ္စည်းများကို ရန်သူမျိုး(၅)ပါး ဖျက်ဆီးခြင်းမှ ကင်းဝေးခြင်း၊

(၅) မိမိပစ္စည်းများကို သူတစ်ပါးတို့ လာရောက်ယူငင်ခြင်းမှ ကင်းဝေးခြင်းတို့ဖြစ်သည်။

ကထိန်သင်္ကန်းဆက်ကပ်ခြင်းအပြင် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသည်လည်း မြတ်စွာဘုရားရှင်လက်ထက်ကပင်ရှိခဲ့သည်။ မိထွေးတော်ဂေါတမီအမှူးပြုသည့်နန်းတွင်းသူများသည် ဝါဂွမ်းမှအစ ချည်ငင်၊ ဆေးဆိုး၊ ရက်ကန်းရက်၊ သင်္ကန်းချုပ်လုပ်ခြင်းကို ညတွင်းချင်းအပြီး ဆောင်ရွက်ကြသည်။ ထိုရိုးရာဓလေ့ကို ယနေ့အထိ ထိန်းသိမ်းလျက်ရှိသည်။ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေတွင် မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများ၌ ရက်ကန်းစင်များပြုလုပ်ပြီး ဘုရားရှင်အားရည်မှန်း၍ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းကြသည်။ နေ့ကူးသွားသော သင်္ကန်းသည် မသိုးသင်္ကန်းဟုမခေါ်နိုင်ပေ။ ထို့ကြောင့် နံနက် ၅ နာရီမထိုးမီ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းကြရန် ဆောင်ရွက်ကြခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ မြတ်နိုးတန်ဖိုးထားအပ်သော ၁၂ လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလ၏ပွဲတော်များထဲမှ ကထိန်သင်္ကန်းဆက်ကပ်သည့်ပွဲတော်သည် ကာလဒါနအားဖြင့် ရခဲလှသည့်အပြင် ကုသိုလ်များတိုးပွားသည့်ပွဲတော်ဖြစ်သဖြင့် "ဝတီတက်လှမ်း မြတ်သင်္ကန်း"ကို ဆက်ကပ်နိုင်စေရန် နှိုးဆော်အပ်ပါကြောင်းနှင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် လရာသီအလိုက် ပွဲတော်များကျင်းပပြီး အလှူအတန်းများပြုလုပ်ကြသည့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းသင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။




**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၃၁၀/မမ/CME | သာစည်စက်ခေါင်းစက်ရုံတွင် 11/0.4 kV, 315 kVA Transformer (၁)ရုံတည်ဆောက်ခြင်း၊ High Tension Line (၄၀၀၀)ပေ တည်ဆောက်ခြင်းနှင့် Low Tension Line (၁၅၀)ပေ တည်ဆောက်ခြင်းအား Turnkey စနစ်ဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၂-၁၁-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၉-၁၀-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-294352, 291994**

## ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ မဇင်းရပ်ကွက်နေ မထက်ရီဝင်း(ဘ)ဦးကျော်စွာ ၇/ပခန(နိုင်)၅၂၅၅၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 959364)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၁၅၆၁၂၅**

## ပျောက်ဆုံးကြောင်း
လယ်ဝေးမြို့နယ်၊ ပြည်ဝင်ကျေးရွာနေ မဝေမင်းသန်း(ဘ)ဦးလွင်ဦး ၉/လဝန(နိုင်)၂၀၀၃၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၈၅၄၁၆၂၉**

## ပျောက်ဆုံးကြောင်း
မူဆယ်မြို့နယ်၊ ရပ်ကွက်(၃)၊ ပန်ဆိုင်း(ကြူကုတ်)၊ ရပ်ကွက်(၃)နေ ဦးရန်ဟန်ဆိုက်(ဘ)ဦးရန်စင်ရှောက် ၁၃/မဆတ(နိုင်)၀၈၆၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၁၇၉၀၉၄၃**

### ပျောက်ဆုံးကြောင်း
တင်တင်မော်(ဘ)ဦးတင်ရွှေ ၁၂/အစန(နိုင်)၂၀၀၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၁၁၁၈၉၀**

### ပျောက်ဆုံးကြောင်း
ဦးဇော်ဝင်းအောင်(ဘ)ဦးစိုးဝင်း ၁၂/သကတ(နိုင်)၁၅၉၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၁၁၁၈၉၀**

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးထွဋ်(ဘ)ဦးအောင်လင်းဦး ၇/ပခန(နိုင်)၄၄၈၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 608243)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၆၉၉၆၆၈**

### ပျောက်ဆုံးကြောင်း
ဒေါ်ဥမ္မာကြည်(ဘ)ဦးကြည်ခင် ၁၂/မရက(နိုင်)၀၅၁၃၃၃ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၇၈၄၅၃၁၁**

### ပျောက်ဆုံးကြောင်း
ဝေယံမင်း(ဘ)ဦးဝင်းနိုင် ၇/အတန(နိုင်)၁၆၉၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၉၀၃၇၆၃၇**

### ပျောက်ဆုံးကြောင်း
မိမိဝင်း(ဘ)ဦးသိန်းဝင်း ၁၂/သခန(နိုင်)၁၄၂၆၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၅၇၀၀၂၀၁၉**

### ပျောက်ဆုံးကြောင်း
စန်းစန်းအေး(ဘ)ဦးကြည်သောင်း ၁၂/မရက(နိုင်)၀၂၆၅၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
အောင်ကိုထက်(ဘ)ဦးအောင်ဇော်ထူး ၁၄/ကပန(နိုင်)၃၀၆၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 748703)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
အောင်အောင်(ဘ)ဦးဆန်းအောင် ၉/မခန(နိုင်)၂၉၂၄၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 038453)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ငယ်ငယ်ထွေး(ဘ)ဦးလှဝင်း ၇/တငန(နိုင်)၁၁၅၄၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဟန်ဇော်ထွန်း(ဘ)ဦးအောင်ဝင်း ၇/ဖမန(နိုင်)၁၅၆၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ငြိမ်းချမ်း(ဘ)ဦးဝင်းအောင် ၈/အလန(နိုင်)၂၅၈၈၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အထက ရွှေမြင်တင်မှ ၁၄/ပသန(နိုင်)၀၈၃၆၁၂ ကိုင်ဆောင်သူ ဒေါ်နေခြည်လင်း၏အမည်မှန်မှာ ဒေါ်နေကြည်လင်းဖြစ်ပါကြောင်း။ **ဒေါ်နေကြည်လင်း**

### ပျောက်ဆုံးကြောင်း
ဦးဥက္ကာ(ဘ)ဦးတင်ဦး ၁၂/တကန(နိုင်)၁၄၈၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 230481)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၆၄၆၈၁၄၈**

### ပျောက်ဆုံးကြောင်း
နှင်းငယ်ငယ်ထွန်း(ဘ)ဦးထွန်းထွန်းဦး ၇/တငန(နိုင်)၁၅၆၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 567363)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ကျော်ဇေယျ(ဘ)ကျော်ဇေယျာထွန်း ၁၂/ကခန(နိုင်)၁၂၀၇၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၃၅၉၀၈**

### ပျောက်ဆုံးကြောင်း
တင်သူဇာဦး(ဘ)ဦးတင်ဦး ၇/တငန(နိုင်)၂၂၀၃၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 577849)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
အိဟေမာလှိုင်(ဘ)ဦးစိုးလွင် ၇/တငန(နိုင်)၂၆၀၂၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 643496)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
လွင်လွင်မောင်စိုး(ဘ)ဦးမောင်စိုး ၉/ပဘန(နိုင်)၂၇၉၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 363289)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
နုနုထွေး(ဘ)ဦးဝမ်ဆာ ၁၃/ကလတ(နိုင်)၀၄၆၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 942309)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ကျော်သူဌေး(ဘ)ဦးအေးအောင် ၁၂/လကန(နိုင်)၂၂၈၉၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
ယုဇန(ဘ)ဦးလှမင်း ၁၂/တကန(နိုင်)၂၄၉၆၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
တင်မာဌေး(ဘ)ဦးညွှန့်နိုင် ၉/ညဥန(နိုင်)၂၂၉၁၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ ဒေါ်ဆန်းစုလှိုင်(ဘ)ဦးခင်မောင်ဆန်း ၉/မရမ(နိုင်)၀၈၇၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 317718)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၁၁၄၃၂၂**

### ပျောက်ဆုံးကြောင်း
ဗျာမလေး(ဘ)ဦးဗျာလေး ၁၃/လရန(နိုင်)၂၀၄၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၂၄၈၈၇၉၅**

### ပျောက်ဆုံးကြောင်း
နမ့်ခမ်းမြို့၊ နောင်စန့်ရပ်၊ အမှတ်(၃)ရပ်ကွက်နေ စိုင်းလှိုင်းပန်(ဘ)ဦးခမ်းဟိန်း ၁၃/နခန(နိုင်)၀၃၆၃၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၄၇၅၉၂၆၁**

### အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဆယ်မိုင်ကုန်း၊ အင်းစိန်မြို့နယ်နေ ဦးချမ်းလင်း ၇/နတလ(နိုင်)၁၁၉၀၇၄ ၏သမီး မခေတ်ဆုသွယ်အား ယနေ့မှစ၍ မပန်းသန့်ဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မပန်းသန့်ဖြူ**

### ပျောက်ဆုံးကြောင်း
မျိုးမင်းအောင်(ဘ)ဦးထွန်းထွန်းဇော် ၃/ဘအန(နိုင်)၃၆၅၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 649142)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### အမည်ပြောင်း
မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၃)စက်ဝိုင်းရပ်ကွက်တွင်နေထိုင်သော နိုင်ငံသားမှတ်ပုံတင်အမှတ် ၈/မဘန(နိုင်)၀၆၈၂၃၄ ကိုင်ဆောင်သူ အဘ ဦးတင်ညွှန့်၏သမီး မရီရီချိုအား မရီရီဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မရီရီဖြိုး**

### ပျောက်ဆုံးကြောင်း
ကျော်သီဟ(ဘ)ဦးခင်မောင်ရီ ၁၂/သဃက(နိုင်)၁၆၉၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၁၆၇၀၉၀**

### ပျောက်ဆုံးကြောင်း
နော်မီးမီးလေး(ဘ)ဦးပန်းစိန် ၇/ကတခ(နိုင်)၁၇၇၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၆၅၉၆၄၆၁**

### ပျောက်ဆုံးကြောင်း
လွင်မာဦး(ဘ)ဦးသိန်းတန် ၈/ဆပဝ(နိုင်)၁၁၇၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၆၅၇၉၁၂၆**

### ပျောက်ဆုံးကြောင်း
ဖြိုးသူရ(ဘ)ဦးမြင့်ထွေး ၁၁/သတန(နိုင်)၀၇၃၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 260673)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**


**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

**ပျောက်ဆုံးကြောင်း**
နိုင်စိုးလင်း(ဘ)ဦးအားအင် ၁၃/လရန(နိုင်)၂၂၅၈၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ပြည့်ဖြိုးဝေ(ဘ)ဦးဉာဏ်ထွန်း ၁၀/မလမ(နိုင်)၁၉၉၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ဇော်သူဝင်း(ဘ)ဦးကျော်စွာ ၉/သေရ(နိုင်)၀၁၃၉၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော




**တေဇ** ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် နိုဝင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

**မိုးသောက်ပန်း** ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ၊
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့



- မျက်နှာဖုံးတွင် ကာတွန်းစိုပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းစောဟန်၊ ကာတွန်းထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်)နှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်မောင်မျိုးညွှန့်၊ ဌေးကြည်(စလင်း)၊ ကန့်ဘလူခင်မောင်ဆွေ၊ ချမ်းငြိမ်းဝင်း(မိုးညှင်း)၊ ၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွှန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၈-၁၀-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၉)၊ အမှတ်(၄၁)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၇၂၄

♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦


SMART
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
Myanmar MOBILE MONEY

# FIFA ASEAN Cup ပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုပြောကြား

ကွာလာလမ်ပူ အောက်တိုဘာ ၂၈

ကမ္ဘာ့ဘောလုံးအဖွဲ့ ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုက FIFA ASEAN Cup ပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုသည် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများအတွက် FIFA ASEAN Cup ပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း ASEAN Summit သို့ တက်ရောက်စဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

(၄၇)ကြိမ်မြောက် ASEAN Summit ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာလ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ပြီး ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုတက်ရောက်ခဲ့ကာ ၎င်းက ဖီဖာနှင့်အာဆီယံတို့ကြား ဆက်လက်ပူးပေါင်းလက်တွဲဆောင်ရွက်ရန် ငါးနှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် အဆိုပါအခမ်းအနား၌ အင်ဖန်တီနိုက အရှေ့တောင်အာရှဒေသအတွင်း ယခုထက် ဘောလုံးလောက ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် FIFA ASEAN Cup ပြိုင်ပွဲကို ကျင်းပမည်ဟု ကတိပြုပြောကြားသည့်အပြင် မိမိတို့အနေဖြင့် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုက "ဖီဖာနှင့်အာဆီယံကြားသဘောတူညီမှုအသစ်တွေရရှိခဲ့ပါတယ်။ ဒါတွေကဘောလုံးမှာ ကွဲပြားခြားနားစွာကူညီပေးနိုင်ပါလိမ့်မယ်။ နောက်ပြီး အရှေ့တောင်အာရှဒေသတွင်းကကလေးငယ်တွေ၊ လူငယ်လူရွယ်တွေအတွက် မျှော်လင့်ချက်အသစ်တွေဖြစ်လာမှာပါ။ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်မှုက အရှေ့တောင်အာရှဒေသတွင်းဘောလုံးအရွေ့ကို ပိုပြီးတွန်းအားဖြစ်စေပါလိမ့်မယ်။ ဒါ့ပြင် နိုင်ငံတကာနဲ့ ချိတ်ဆက်မှုတွေ၊ ကျန်းမာရေးနဲ့လူမှုဘဝတွေကိုလည်း အထောက်အကူအများကြီးဖြစ်စေမှာပါ"ဟု ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက အာဆီယံအပေါ် ကူညီပံ့ပိုးမှုအနေဖြင့် FIFA ASEAN Cup ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲသည် အရှေ့တောင်အာရှဒေသအတွင်း ဂုဏ်သိက္ခာကြီးမားသည့်ပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း၊ FIFA ASEAN Cup ပြိုင်ပွဲကြောင့် အရှေ့တောင်အာရှဒေသတွင်းက နိုင်ငံလက်ရွေးစင်အသင်းများ၏ ဘောလုံးအဆင့်အတန်းသည်လည်း များစွာတိုးတက်လာလိမ့်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။




သို့သော် ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုအနေဖြင့် FIFA ASEAN Cup ပြိုင်ပွဲကျင်းပမည့်ကာလနှင့် နေရာတို့ကို ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

*Ref; Goal.com*

# ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖွဲ့ဝင်အဖြစ်မှ ဂန္ထဝင်ကစားသမားဘိုတန် နုတ်ထွက်

မြူးနစ် အောက်တိုဘာ ၂၈

ဘိုင်ယန်မြူးနစ်အသင်းနှင့် ဂျာမနီလက်ရွေးစင်အသင်း ဂန္ထဝင်ကစားသမား ဘိုတန်သည် နည်းပြအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

အသက် ၃၇ နှစ်အရွယ် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖွဲ့ဝင် ဘိုတန်သည် ၂၀၁၈ ခုနှစ်က ဇနီးသည်ကို ဒဏ်ရာရရှိစေရန် အိမ်တွင်းအကြမ်းဖက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အရေးယူခံထားရသူဖြစ်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် ၎င်းအနေဖြင့် ပြီးခဲ့သည့်နှစ်က တရားရုံး၏ အပြင်းအထန်သတိပေးခြင်းခံခဲ့ရသကဲ့သို့ ဒဏ်ငွေလည်းချမှတ်ခံခဲ့ရသူဖြစ်သည်။

သို့သော် ဘိုတန်သည် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖွဲ့ဝင်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နေပြီး ဒွေးမွန်အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့် ဘွန်ဒက်စ်လီဂါပွဲစဉ်(၇)တွင် ၎င်းကို ပရိသတ်များက ဆိုင်းဘုတ်များကိုင်ဆောင်ကာ ဆန့်ကျင်မှုများပြုလုပ်သည့်အပြင် ပရိသတ်များအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှုပြုလုပ်သည့် ဘိုတန်ကို ဘိုင်ယန်မြူးနစ်အသင်းသို့ ပြန်လည်မရောက်ရှိစေရန် ထောက်ခံလက်မှတ်ကောက်ယူခြင်းများလည်း ပြုလုပ်နေကြခြင်းကြောင့် ၎င်းသည် နည်းပြအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဘိုတန်သည် ဘိုင်ယန်မြူးနစ်အသင်း၌ ပါဝင်ကစားသည့် ၁၀ နှစ်တာကာလအတွင်း ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ ဂျာမန်ဘွန်ဒက်စ်လီဂါအမှတ်ပေးဖလား ကိုးကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားနှစ်ကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလား နှစ်ကြိမ်နှင့် ဂျာမန်ပိုကယ်ဖလား ငါးကြိမ်တို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

*Ref; Fotmob*

# အယ်ဟီလယ်အသင်းက ကွင်းလယ်ကစားသမား မီလင်ကိုဗစ်ဆာဗစ်အား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို




ရီယက် အောက်တိုဘာ ၂၈

ဆော်ဒီကလပ်အယ်ဟီလယ်အသင်းသည်ကွင်းလယ် ကစားသမား မီလင်ကိုဗစ်ဆာဗစ်အား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၃၀ အရွယ် ကွင်းလယ်ကစားသမား မီလင်ကိုဗစ်ဆာဗစ်သည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လာဇီယိုအသင်းမှ ပြောင်းရွှေ့ကြေးယူရိုသန်း ၄၀ ဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် လာမည့်နွေရာသီတွင် အယ်ဟီလယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

မီလင်ကိုဗစ်ဆာဗစ်သည် အယ်ဟီလယ်အသင်း၌ တစ်နှစ်လုပ်ခလစာယူရို ၂၅ သန်းရရှိနေကာ စာချုပ်သက်တမ်းကုန်ဆုံးပါက ဥရောပအသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်ပြီးနောက် အယ်ဟီလယ်အသင်းက ၎င်းကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

မီလင်ကိုဗစ်ဆာဗစ်သည် အယ်ဟီလယ်အသင်းကို ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ရောက်ရှိလာပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် ၄၉ ပွဲပါဝင်ကစားခဲ့ကာ ၁၄ ဂိုး သွင်းယူနိုင်ပြီး ဂိုးဖန်တီးမှု ၁၆ ကြိမ်ပြုလုပ်နိုင်ခဲ့ကာ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ၄၇ ပွဲပါဝင်ကစားခဲ့ပြီး သွင်းဂိုး ၁၇ ဂိုး၊ ဂိုးဖန်တီးမှုရှစ်ကြိမ်နှင့် ယခုဘောလုံးရာသီတွင် ၁၄ ပွဲပါဝင်ကစားထားရာ နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ထားသည်။

ထို့ပြင် အယ်ဟီလယ်အသင်းအနေဖြင့်လည်း ယခုဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ခြောက်ပွဲယှဉ်ပြိုင်ကစားရာ လေးပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရှုံးပွဲမရှိသေးဘဲ ရမှတ် ၁၄ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၃)နေရာ၌ အဆင့်(၁)နေရာမှ အယ်နာဆာအသင်းနှင့် ရမှတ်လေးမှတ်ကွာခြားကာ ရပ်တည်နေကြောင်း သိရသည်။

**Ref; Fabrizio Romano**

# ဂျူဗင်တပ်စ်အသင်းက ရှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခြင်းကြောင့် နည်းပြအိုင်ဂေါ်ကျူဒိုကို ရာထူးမှထုတ်ပယ်

တူရင် အောက်တိုဘာ ၂၈

စီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းသည် ပြိုင်ပွဲစုံရှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့မှုကြောင့် နည်းပြအိုင်ဂေါ်ကျူဒိုကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ခရိုအေးရှားလူမျိုး နည်းပြအိုင်ဂေါ်ကျူဒိုသည် စီးရီးအေပွဲစဉ်(၈)အဖြစ် ယှဉ်ပြိုင်ကစားသည့် လာဇီယိုအသင်းနှင့်ပွဲစဉ်တွင် ၁ ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် ရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်ကာ ယခုဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းအနေဖြင့်လည်း ပြိုင်ပွဲစုံရှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် နည်းပြအိုင်ဂေါ်ကျူဒိုကို ယခုနှစ် မတ်လတွင် ထုတ်ပယ်ခြင်းခံခဲ့ရသည့် နည်းပြ တီယာဂိုမော့တာ၏ နေရာ၌ အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ကစားသမားအပြောင်းအရွှေ့ကာလတွင် အသုံးစရိတ် ပေါင်သန်း ၁၂၀ အသုံးပြုကာ ကစားသမား ခေါ်ယူအားဖြည့်စေခဲ့သည်။

သို့သော် ဂျူဗင်တပ်စ်အသင်းအနေဖြင့် စီးရီးအေဘောလုံးရာသီအစပိုင်းတွင် သုံးပွဲဆက် နိုင်ပွဲရရှိခဲ့သော်လည်း ပြိုင်ပွဲစုံငါးပွဲဆက်သရေကျခဲ့ကာ နောက်ဆုံးသုံးပွဲတွင်လည်း ကိုမိုအသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း၊ ချန်ပီယံလိဂ်ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းကို ၁ ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ လာဇီယိုအသင်းကို ၁ ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့သည်။

ဂျူဗင်တပ်စ်အသင်းအနေဖြင့် လာဇီယိုအသင်းအားရှုံးနိမ့်သည့် ပွဲစဉ်အပြီးတွင် စီးရီးအေအမှတ်ပေးဇယားအဆင့်(၁)နေရာမှ နာပိုလီ၊ အဆင့်(၂)နေရာမှ ရိုးမားအသင်းတို့နှင့် ခြောက်မှတ်ကွာဟကာ အဆင့်(၈)နေရာ၌ ရပ်တည်နေသည်။

ထို့ပြင် ဂျူဗင်တပ်စ်အသင်းက နည်းပြအိုင်ဂေါ်ကျူဒိုအပြင် နည်းပြအဖွဲ့ဝင်များဖြစ်ကြသည့် အိုင်ဗန်ဂျာဇော်ဗစ်၊ တိုမီဆလပ်ဗ်ရှီဂျစ်၊ ရီကာဒိုရာဂနာချီတို့ကိုလည်း ရာထူးမှ ထုတ်ပယ်ခဲ့ကာ လက်ရှိတွင် လူငယ်အသင်းနည်းပြ ဆက်ဆီမိုဘရမ်ဘယ်လီကို ယာယီနည်းပြအဖြစ် ခန့်အပ်တာဝန်ပေးထားသည်။

ဂျူဗင်တပ်စ်အသင်းအနေဖြင့် လစ်လပ်လျက်ရှိသည့် နည်းပြနေရာ၌ အစားထိုးရန် အင်တာမီလန်နှင့် အီတလီလက်ရွေးစင်အသင်းနည်းပြဟောင်း မန်စီနီနှင့် ရိုးမားအသင်းနည်းပြဟောင်း လူစီယာနိုပယ်လက်တီတို့အပြင် အသင်းနည်းပြဟောင်း မော့တာတို့ထဲမှ တစ်ဦးဦးကို ခန့်အပ်နိုင်ဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်နေသည်။

ဂျူဗင်တပ်စ်အသင်းသည် အောက်တိုဘာလ ၃၀ ရက်တွင် စီးရီးအေပွဲစဉ်(၉)အဖြစ် အူဒီးနိစ်အသင်းကို အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fotmob*

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့**တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှစတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက်** ကျောင်းသို့ပို့ဆောင်ပေးရမည်ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့**တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့**တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ကျပ် **၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)**လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ**အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

### ရုရှားဆပ်ကပ်

ကမ္ဘာတွင် နာမည်ကြီးလှသော ရုရှားဆပ်ကပ်ကိုလည်း မော်စကိုၕ တစ်ကြိမ်၊ လီနင်ဂရက်ၕ တစ်ကြိမ် ကျွန်ုပ် ကြည့်ခဲ့ဖူးသည်။ လီနင်ဂရက်ရှိ ဆပ်ကပ်သို့ စာရေးဆရာမနှင့်အတူ ကျွန်ုပ်တို့ သွားကြရာတွင် ဆရာမက "ကျွန်မတော့ ဆပ်ကပ်ပွဲမကြည့်တာကြာပါပြီ။ ရှင်တို့ကြည့်ချင်တယ်ဆိုလို့ လိုက်ပို့ပါတယ်" ဟု ပြောသည်နှင့် ကျွန်ုပ်က တီးခေါက်စုံစမ်း၍ အောက်ပါအတိုင်းသိရှိရသည်။ ဆပ်ကပ်ပွဲဟူသည်မှာ ကလေးသူငယ်များနှင့် အလုပ်ကြမ်းသမားများ (Uncultured) သာ ကြည့်သောပွဲဖြစ်၍ အပေါ်ဝတ်အင်္ကျီထူကြီးများကို ရုံထဲတွင် ဝတ်နိုင်ခွင့်ရှိကြောင်း ပြောရာတွင် "ကလေးပဲထင်ထင်၊ စာမတတ်တဲ့ အမျိုးအစားပဲထင်ထင် ကျွန်တော်တို့တော့ ကြည့်ချင်သဗျာ" ဟု ကျွန်ုပ်က ပြန်ပြော၏။ ဤတွင် သူက "ရှင်တို့လို တစ်ခါတစ်ရံလာတဲ့သူအဖို့တော့ ဟုတ်ပါတယ်။ ကြည့်လည်းကြည့်ထိုက်ပါတယ်။ ဒါကြောင့်လည်း ကျွန်မက လိုက်ပို့တာပါပဲ" ဟု ပြောလေသည်။ ဤစာရေးဆရာမကား ပြောစရာရှိလျှင် ဘွင်းဘွင်း ပြောတတ်သည့် ဝါသနာရှိသူတစ်ယောက်ဖြစ်၍ နောက်ဆုံးတွင် ကျွန်ုပ်နှင့် အလွန်ခင်မင်ရင်းနှီးသောအဖြစ်သို့ ရောက်ခဲ့ကြသည်။ (ကျွန်ုပ်၏ဝတ်စုံမေ့ကျန်ရစ်စဉ်က "စမ်းကြည့်ပါစေဦး" ဟု ပြောခဲ့သော အမျိုးသမီးပင်ဖြစ်သည်။) လီနင်ဂရက်ဆပ်ကပ်ပွဲၕ ကျွန်ုပ်သည် သူနှင့် ပထမအကြိမ်တွေ့ခြင်းဖြစ်၍ အယ်နာကရဲနီးနားအကြောင်း ဆွေးနွေးကြသည်နှင့်ပင် ဆပ်ကပ်ပွဲၕ ရည်မှန်းသလောက် အာရုံမစိုက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ကျွန်ုပ်က "အယ်နာကရဲနီးနား၏အဖြစ်မျိုးနှင့် တွေ့ကြုံရလျှင် မိန်းမ ၁၀၀ အနက် ဘယ်နှယောက်လောက် အလွတ်ရုန်းနိုင်မည်ထင်ပါသနည်း" ဟု မေးသောအခါ သူက "အလွတ်မရုန်းနိုင်တဲ့ မိန်းမမျိုးမရှိဘူးလို့တော့ မဆိုပါဘူး။ ကျွန်မကိုယ်တိုင်ဖြင့် တစ်ယောက်မှ မတွေ့သေးဘူး" ဟု ပြန်ပြောရာ ဤအဆုံးအဖြတ်နှင့်တကွ သူ၏ပွင့်လင်းသောသဘောထားကိုပါ ကျွန်ုပ် သဘောကျလှသည်။ "ဒီလိုဆို ခင်ဗျားအပါအဝင်ပေါ့"ဟု ကျွန်ုပ်ကစစ်မေးရာ "ကျွန်မလည်း မိုးကျရွှေကိုယ် (Heaven Born) တစ်ယောက်မှ မဟုတ်ဘဲ" ဟု ရဲရဲဝံ့ဝံ့ ဖြေဆိုလေသည်။

### မော်စကိုဆပ်ကပ်ပွဲ

မော်စကိုဆပ်ကပ်ပွဲသို့မူ ကျွန်ုပ်တို့သုံးယောက်သည် ညီ၊ သားတို့နှင့်အတူ သွားရောက်ကြ၏။ ပွဲထဲသို့မဝင်မီ သားက "အိုက်စကရင် စားကြဦးမလား" ဟုမေးသည်နှင့် ကျွန်ုပ်က စိတ်ခပ်ထင့်ထင့်ဖြင့်ပင် "စားမည်" ဟုပြောလိုက်၏။ စိတ်ထင့်မိခြင်းမှာ ဤမျှလောက်အေးလှသောဒေသတွင် စား၍သင့်တော်ပါမည်လောဟု စဉ်းစားမိခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်၍ လေယာဉ်ပျံပေါ်ၕ ဤဟာမစား၊ ဟိုဟာမစား၊ ရေကိုပင် သောက်ဝံ့ဟန်မတူသော သခင်ကျော်စိန်မှတစ်ပါး အိုက်စကရင်တစ်ထုပ်စီ ယူလာခဲ့ကြသည်။ ပွဲထဲၕ ကျွန်ုပ်တို့သည် အိုက်စကရင်ထုပ်ကို ဖြေကာ စားရသည်မှာ ဇိမ်ရှိလှသည်။ ဆပ်ကပ်ပွဲမှာ ဘိုင်စကုတ်ထဲၕ ကျွန်ုပ်ကြည့်ဖူးသည့် အခန်းတချို့ပါရှိသော်လည်း အရုပ်အဖြစ်နှင့် ကြည့်ရခြင်းထက် လူကိုယ်တိုင်မြင်ရခြင်း၏အရသာသည် ကြီးစွာသော ခြားနားခြင်း ရှိပေသည်။ ထို့ပြင် တချို့သောအခန်းများကို တခြားသောဆပ်ကပ်များတွင် ငယ်ကတည်းက မြင်ခဲ့ဖူးသော်လည်း တုပင်တုစေကာမူ ပို၍ခက်ခဲသောအတတ်များကို တွေ့ရသည်။ ပမာဆိုသော် ကောင်းကင်ဘား၊ ကြိုးတန်းလျှောက်ခြင်း၊ ကျွမ်းပစ်ခြင်း၊ မြင်းစီးခြင်းမှစ၍ ခွေးလိမ္မာ၊ မြင်းလိမ္မာ၊ တောတိရစ္ဆာန်ရိုင်းများ စသည်ကို ဆပ်ကပ်ပွဲများပေါ်ကတည်းက လူတိုင်းမြင်ခဲ့ကြ၍ ကျွန်ုပ်လည်း လက်မလွတ်တမ်း ကြည့်လာခဲ့သူတစ်ယောက်ဖြစ်၏။ သို့ရာတွင် ကောင်းကင်ဘားၕလည်းကောင်း၊ ကြိုးတန်းလျှောက်ခြင်းနှင့် မြင်းစီးခြင်းတို့ၕလည်းကောင်း တခြားဆပ်ကပ်များ ပြကြသည်ထက် နှစ်ဆမျှခဲယဉ်းပြီး သုံးဆမျှကြည့်ကောင်းသည်ကို မြင်ခဲ့ရ၏။ ခွေးလိမ္မာချင်းလည်းမတူ၊ မြင်းလိမ္မာချင်းလည်းမတူ အလွန့်အလွန်ခဲယဉ်းလှ၍ တစ်ခါတစ်ရံ ဟာသဖက်သော အတတ်ကလေးများ သင်ပြထားပုံမှာ မယုံနိုင်လောက်အောင် ခက်ခဲလှပါပေသည်။ ကျွန်ုပ်သည် တစ်ဖက်တွင် အိုက်စကရင်၏ရသာရုံကို ခံစားရင်း လူပြက်များ၏ရယ်စရာအပြုအမူကို တစ်ဖက်က ရယ်မောရသည်မှာ မအားလပ်အောင်ရှိပါတော့သည်။ တစ်ချက်တစ်ချက်တွင် ကျွန်ုပ်၏ စိတ်ကူးလေးတစ်ခု ပေါ်ပေါက်လာ၏။ (အိုက်စကရင်မှာ စက္ကူဖြင့် ပတ်ထား၍ အတောင့်လိုက် လက်နှင့်ကိုင်စားရသည် ဖြစ်ရာ ရေခဲသောဥတုရာသီဖြစ်သည်နှင့် အရည်မပျော်ဘဲ လက်ထဲၕ အတောင့်လိုက်တည်လျက်ရှိသဖြင့် ကိုက်စားလိုသော အထက်ပိုင်းမှ စက္ကူပတ်ကို တဖြည်းဖြည်းချင်း ဖြေကာဖြေကာ ကိုက်စားနိုင်လေသည်။) ကျွန်ုပ်၏စိတ်ထဲၕ အိုက်စကရင်တောင့်ကို ကိုက်စားရင်း ဆပ်ကပ်လူပြက်များ၏နောက်ပြောင်ခြင်းများကို အအုပ်အထိန်းမရှိ လွတ်လပ်စွာ တဟားဟားရယ်လျက်ရှိခြင်းများကို သတိပြုမိပါသည်။ ငါသည် ဆိုဗီယက်ယူနီယံသို့ရောက်ခါမှ ကလေးဘဝသို့ ပြန်ဆင်းနေရချေပြီတကားဟု စဉ်းစားမိပေသေးသည်။

### တတိယအကြိမ် စကားပြောခြင်း

မော်စကိုမြို့မှ ကျွန်ုပ်တို့သုံးယောက် ဒုတိယအကြိမ် ထွက်ခွာခါနီးတွင် အာရှ-အာဖရိက ချစ်ကြည်မှုခိုင်မြဲရေးကော်မတီလူကြီးများက ကျွန်ုပ်တို့တည်းခိုသည့် ဘုဒ္ဒါပဲစ်ဟိုတယ်တွင် နေ့လယ်စာစားပွဲတည်ခင်းကျွေးမွေးခြင်းအားဖြင့် နှုတ်ဆက်ကြလေသည်။ ယင်းနှုတ်ဆက်ပွဲတွင် ကျွန်ုပ်သည် ညီ၏တိုက်တွန်းချက်အရ တတိယအကြိမ် စကားပြောခဲ့ပါသည်။ ထိုအခါၕမူ ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံအတွင်း အတော်လေးနှံ့အောင်လည်ပတ်ပြီး၍ အတော်အတန်လူကဲခတ်ခွင့် ရရှိခဲ့ပြီဖြစ်သောကြောင့် ကျွန်ုပ်၏စိတ်ထဲၕရှိသောအခြင်းအရာကို အထိုက်အလျောက် ဖွင့်ဟပြောပြချင်သော ဆန္ဒဖြစ်ပေါ်လျက်ရှိ၏။ ကျွန်ုပ်ပြောသောစကားများကို စကားပြန်မိန်းကလေး အာဒါက ဘာသာပြန်ပြောရ၏။ (အာဒါသည် ကျွန်ုပ်တွေ့ခဲ့ရသည့် ဆိုဗီယက်စကားပြန်များအနက်တွင် အင်္ဂလိပ်လို အတော်သပ်သပ်ရပ်ရပ်ဘာသာပြန်တတ်သူတစ်ယောက်ဖြစ်၏။ ရုရှားလို ပြန်ဆိုခြင်းမှုကား ကျွန်ုပ်မပြောနိုင်ပေ။) စလျှင်စချင်း ကျွန်ုပ်က ကိုယ်စားလှယ်အဖွဲ့တွင် ဦးလှကျော်ကား ဦးခေါင်း၊ သခင်ကျော်စိန်ကား ပါးစပ်၊ ကျွန်ုပ်ကား နှလုံးနှင့်တူပါကြောင်း၊ နှလုံးနှင့်တူပုံမှာ ဆိုဗီယက်ယူနီယံသို့ ရောက်ကတည်းက ကျွန်ုပ်သည် တွေ့ရသမျှသောလူများနှင့် ချစ်ခင်ရင်းနှီးခြင်းရှိအောင် အထူးတလည်ကြိုးစားခဲ့ရာ ကြိုးစားသည့်အတိုင်းလည်း အောင်မြင်ခြင်းကို တွေ့ရ၍ ဝမ်းမြောက်လှပါကြောင်း၊ (ဤနေရာၕ ပင်စင်စားကချေသည်ကြီးများ၏ရိပ်သာတွင် ကျွန်ုပ်အား ၎င်းတို့နှင့်အတူနေဖို့ ဖိတ်ခေါ်ပြီး အစိုးရအား ၎င်းတို့က ထောက်ခံတိုက်တွန်းပေးပါမည်ဟု ပြောဖူးသည့်အကြောင်းများနှင့် ကျွန်ုပ်၏လက်ချောင်းများ အေးလွန်းလှ၍ သွေးတောင့်မတတ်ရှိရာတွင် စကားပြန်မလေး အာလာက 'အာငွေ့' ဖြင့် ဟားတိုက်ပြီး နွေးအောင်လုပ်ပေးသည်အထိ ကြင်နာခြင်းရှိပုံတို့ကို ပြောပြသည်။) ဤသည်ကို ထောက်ခြင်းအားဖြင့် ဆိုဗီယက်တို့သည် ကြင်နာသောနှလုံးသားကို ကြင်နာသောနှလုံးဖြင့် တုံ့ပြန်တတ်သည့်လူမျိုးဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်ကြောင်း၊ (လူအားလုံး ဦးခေါင်းဆတ်ကြသည်။) သို့ဆိုသော်လည်း ကျွန်ုပ်နှင့် အဆက်ဖြစ်ရသူများမှာ အစိုးရအဖွဲ့တွင် အထက်တန်းကျသည့် ပရဲ့ဆီးဒီယမ်အဆင့်အတန်းမဟုတ်၊ သာမန်အတန်းအစားမျှသာဖြစ်ကြောင်း၊ ကျွန်ုပ်၏အထင်မှာ အထက်တန်းဆိုသော ပုဂ္ဂိုလ်ကြီးများမူကား ဒေါသတွေ၊ မာနတွေ မိုးမွှန်ပြီး ငါတကောကောချင်သည့်စိတ်ဓာတ်မျိုးတွေ ပြည့်လျှံလျက်ရှိကြသည်ထင်ကြောင်း၊ ဆိုဗီယက်ခေါင်းဆောင်ကြီးများသည် တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏ မေတ္တာစိတ်ဓာတ်မျိုးမမွေးမြူကြဘဲ မာန်မာနတွေ ထောင်လွှားလျက်ရှိကြပါက ကမ္ဘာကြီးသည် တစ်နေ့စောစောတွင် မီးခိုးနှင့်ပြာလောက်သာ ကျန်ရစ်ဖွယ်ရာရှိကြောင်း၊ ဆိုဗီယက်ယူနီယံသို့ နှလုံးအဖြစ်နှင့် ကျွန်ုပ်လိုက်ပါခဲ့ခြင်းမှာ နှလုံးအလုပ်ကို ကိုယ်တိုင်လေ့ကျင့်ပြီး တခြားသူတို့အားလည်း ပြန့်ပွားစေရန်အတွက်ဖြစ်ကြောင်း၊ (တချို့မှာ စဉ်းစားလျက် တစ်ယောက်နှစ်ယောက်မျှ ဦးခေါင်းဆတ်ကြသည်။) ကျွန်ုပ်၏ 'တို့စ်' ကား ကမ္ဘာ့တိုင်းပြည်များအားလုံး တစ်ပြည်နှင့်တစ်ပြည် မေတ္တာစိတ်ဖြင့် အပြန်အလှန်တုံ့ပြန်နိုင်ကြပြီး သင့်သင့်မြတ်မြတ်ရှိကြပါစေသတည်း။ (Goodwill and Good Fellowship) ဟု ဆန္ဒပြုခဲ့ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**



# မြောက်ဥက္ကလာပမြို့နယ်ရှိ သူနာပြုသင်တန်းကျောင်း၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်ရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်း၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းကို အောက်တိုဘာလ ၂၇ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်သူရစိုးက မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိရန်များ၊ မီးလောင်မှုဖြစ်ပွားနေစဉ် ရှောင်ရှားသင့်သည့်အချက်များနှင့် လိုက်နာရန်အချက်များ ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး မီးသတ်ဥပဒေများ၊ နည်းဥပဒေများ၊ မီးသတ်ဆေးဘူးသုံးစွဲနည်းများ စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက သူနာပြုသင်တန်းကျောင်းရှိ သင်တန်းသား၊ သင်တန်းသူများအား ဂက်စ်မီးဖိုအား မီးငြိမ်းသတ်ပုံ၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံ၊ အဝတ်စိုဖြင့်မီးငြိမ်းသတ်ပုံ စသည့်မီးငြိမ်းသတ်ပုံအမျိုးမျိုးကို လက်တွေ့သရုပ်ပြပြီးနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်တိုင်ပါဝင်၍ လက်တွေ့လေ့ကျင့်ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

❖ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ စိုက်ပျိုးရေးစွမ်းအား၊ ကုန်ထုတ်စွမ်းအားနှင့် ကုန်သွယ်မှုကူးသန်းရောင်းဝယ်မှုများ တိုးတက်ကောင်းမွန်စေရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများအား သက်ဆိုင်ရာအစိုးရများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဟန်ချက်ညီညီဖြင့် ဆက်လက်ပြီးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လို. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် နိုင်ငံတော်မှခွင့်ပြုပေးထားသည့် ဘဏ္ဍာငွေများကို အကျိုးရှိရှိအသုံးပြု





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ❖

### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များဖော်ပြပါရှိ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ ၁၂ တွင်ဖော်ပြပါရှိသည်။ မြဝတီ

### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့်မြို့နယ်များ သတ်မှတ်ကြေညာ

စာ - ၁၄ သို့

### ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်းလိုက်နေ့ရက်များတွင် ပြည်တွင်းနှင့် နိုင်ငံတကာသတင်းမီဒီယာများ သတင်းရယူခွင့်ရှိကြောင်း အသိပေးကြေညာခြင်း

စာ - ၁၄ သို့

